www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

## ကောင်းခြင်း ၄-ဖြာ သိကောင်းစရာ

# လရသုတ္တန် တရားတော်

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၉

www.dhammadownload.com

## ဤစာအုပ်မှာ သိကောင်းစရာ
## ဆောင်ပုဒ်များ

- ငယ်ရွယ်သည်မှ၊ အိုမင်းကျလာ၊
  ကျင့်ဖို့ရာ၊ ကောင်းတာဘယ်ပါနည်း။
  ငယ်ရွယ်သည်မှ၊ အိုမင်းကျလာ၊
  ကျင့်ဖို့ရာ၊ ကောင်းတာသီလတည်း။
- ကိုယ့်မှာမြဲစွာ၊ တည်ဖို့ရာ၊ ကောင်းတာဘယ်ပါနည်း။
  ကိုယ့်မှာမြဲစွာ၊ တည်ဖို့ရာ၊ ကောင်းတာသဒ္ဓါတည်း။
- လူ့လောကမှာ၊ နှစ်သက်ရာ၊ ကောင်းတာဘယ်ပါနည်း။
  လူ့လောကမှာ၊ နှစ်သက်ရာ၊ ကောင်းတာပညာတည်း။
- မခိုးနိုင်ရာ၊ မြတ်ဥစ္စာ၊ ဖြစ်တာဘယ်ပါနည်း။
  မခိုးနိုင်ရာ၊ မြတ်ဥစ္စာ၊ ဖြစ်တာကောင်းမှုတည်း။

www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

# အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် - ၃၂၀၁၀၁၀၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၁၂၈၀၂၀၉

### ပုံနှိပ်ခြင်း

ပထမအကြိမ်

အုပ်ရေ - ၃၀၀၀

တန်ဖိုး -

### ပုံနှိပ်ပြီးသည့်လ

ဖေဖော်ဝါရီလ၊ ၂၀၀၉-ခုနှစ်

### မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးသိန်းထွန်း (၀၄၈၂၂)

သိန်းထွန်းအော့ဖ်ဆက်၊ ၅၀/၅၂၊ဒဂုံသီရိလမ်း၊

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၅၄၂၀၅၆

### ထုတ်ဝေသူ


ဒုတိယဗိုလ်မှူးကြီး တင်အောင်(လေ-အငြိမ်းစား)။ (၀၃၃၆၆)

သဒ္ဓမ္မရံသီစာပေ၊ အမှတ်-၇၊ ဇေယျာခေမာလမ်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

ဖုန်း - ၀၁-၆၆၁၅၉၇ ၊ ၆၅၀၅၇၆

www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

အဘိဓဇမဟာရဋ္ဌဂုရု

ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

www.dhammadownload.com

# ကောင်းခြင်း ၄–ဖြာ သိကောင်းစရာ ဇရာသုတ္တန် တရားတော်

ဒီနေ့ ၁၃၆၁-ခု၊ တော်သလင်းလပြည့်နေ့၊ နေ့လယ်ပိုင်းမှာ ဟောကြားရမယ့်တရားတော်က သံယုတ်ပါဠိတော်လာ "**ဇရာသုတ္တ**"။ ဇရာဆိုတာက အိုခြင်း။ ငယ်ရွယ်သည်မှစပြီးတော့ အိုမင်းသွားသည့်တိုင်အောင် ကျင့်သုံးဖို့ရာကောင်းတဲ့တရားဟာ ဘယ်တရားလဲလို့ ရှေးဦးစွာ နတ်သားလျှောက်ထားတဲ့ ဇရာဟူသော နာမည်ကိုယူပြီးတော့ "**ဇရာသုတ္တ**"လို့ နာမည်ပေးထားပါတယ်။

တစ်ချိန်သောအခါ မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေခိုက် တစ်ညသောသန်းခေါင်ယံအချိန်မှာ နတ်သားတစ်ယောက်က ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာဖြင့် မြတ်စွာဘုရားထံ ရောက်လာပြီးတော့ ရှိခိုးဦးချလေ၏။ ဦးချပြီးတဲ့အခါ သူ့ဉာဏ်ထဲမှာမရှင်းတဲ့ ပုစ္ဆာလေးချက်၊

www.dhammadownload.com



မေးခွန်းလေးချက် လျှောက်ထားပါတယ်။ ဂါထာတစ်ပုဒ်ဖြင့် လျှောက်ထားပါတယ်။

**ကိံသု ယာဝ ဇရာ သာဓု၊ ကိံသု သာဓု ပတိဋ္ဌိတာ။**
**ကိံသု နရာနံ ရတနံ၊ ကိံသု စောရေဟိ ဒူဟရံ။**

**ဘန္တေ** = ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ **ယာဝ ဇရာ သာဓု** = ငယ်ရွယ်သည်မှစ၍ အိုမင်းသည့်တိုင်အောင်ကောင်းတဲ့တရားသည်၊ **ကိံသု** = အဘယ် တရားပါနည်းဘုရား။

**ဘန္တေ** = ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ **သာဓု ပတိဋ္ဌိတာ** = မိမိတို့သန္တာန်မှာ အမြဲတည် ရှိဖို့ရာကောင်းတဲ့တရားသည်၊ **ကိံသု** = အဘယ်တရားပါနည်း ဘုရား။

**ဘန္တေ** = ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ **နရာနံ** = လူတို့တွင်၊ **ရတနံ** = နှစ်သက်စရာ အကောင်းဆုံးရတနာသည်၊ **ကိံသု** = အဘယ်ရတနာပါနည်း ဘုရား။

www.dhammadownload.com



**ဘန္တေ** = ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ **စောရေဟိ** = ခိုးသူတို့သည်၊ **ဒုဟရံ** = မခိုးယူနိုင်သော ပစ္စည်းဥစ္စာသည်၊ **ကိံသု** = အဘယ်ပစ္စည်းဥစ္စာပါနည်း ဘုရား။

နတ်သားက မေးခွန်းပုစ္ဆာလေးချက် သူ့ဉာဏ်မှာ မရှင်းတာကို ရှင်းသွားရအောင် လျှောက်ထားတယ်။ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်ရှင်ဖြစ်သည့်အားလျော်စွာ ချက်ချင်းပဲ မဆိုင်းမတွ သူမေးတဲ့ အစဉ်အတိုင်းပဲ ပြန်ဖြေလိုက်ပါတယ်။

**သီလံ ယာဝ ဇရာ သာဓု၊ သဒ္ဓါ သာဓု ပတိဋ္ဌိတာ။**
**ပညာ နရာနံ ရတနံ၊ ပုညံ စောရေဟိ ဒုဟရံ**-လို့ ဖြေကြားလိုက်ပါတယ်။

**ဒေဝပုတ္တ** = သိလိုရေးနဲ့ မေးလျှောက်လာသော အမောင်နတ်သား၊ **ယာဝ ဇရာ သာဓု** = ငယ်ရွယ်သည်မှစ၍ အိုမင်းသည့်တိုင်အောင်ကောင်းတဲ့တရားသည်၊ **သီလံ** = သီလတရား ပင်တည်း။

**ဒေဝပုတ္တ** = သိလိုရေးနဲ့ မေးလျှောက်လာသော အမောင်နတ်သား၊ **သာဓု ပတိဋ္ဌိတာ** = မိမိတို့သန္တာန်မှာ အမြဲတည်ရှိ

www.dhammadownload.com



ဖို့ရာကောင်းတဲ့တရားသည်၊ **သဒ္ဓါ** = ဘုရား တရား သံဃာ ကံ ကံ၏အကျိုး ဤငါးမျိုးကို ယုံကြည်အားကိုးသော သဒ္ဓါတရား ပင်တည်း။

**ဒေဝပုတ္တ** = သိလိုရေးနဲ့ မေးလျှောက်လာသော အမောင်နတ်သား၊ **နရာနံ** = လူတို့တွင်၊ **ရတနံ** = နှစ်သက်စရာအကောင်းဆုံးရတနာသည်၊ **ပညာ** = အသိအလိမ္မာ ဉာဏ်ပညာတရား ပင်တည်း။

**ဒေဝပုတ္တ** = သိလိုရေးနဲ့ မေးလျှောက်လာသော အမောင်နတ်သား၊ **စောရေဟိ** = ခိုးသူတို့သည်၊ **ဒုဟရံ** = ခိုးယူနိုင်ခဲသော (ဝါ) မခိုးယူနိုင်သော ပစ္စည်းဥစ္စာသည်၊ **ပုညံ** = မိမိတို့ပြုထားတဲ့ ကောင်းမှုများပင်တည်း။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **ဝိဿဇ္ဇေတိ** = ကောင်းစွာမသွေ ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သိလိုရေးနဲ့ မေးလျှောက်လာသော အမောင်နတ်သား၊ ငယ်ရွယ်သည်မှစ၍ အိုမင်းသွားသည့်တိုင်အောင်ကောင်းတဲ့ တရားဟာ သီလတရားပဲ။ မိမိတို့သန္တာန်မှာ အမြဲတည်ရှိနေဖို့ရာ

www.dhammadownload.com



ကောင်းတဲ့တရားဟာ သဒ္ဓါတရားပဲ။ လူတွေမှာ နှစ်သက်စရာ အကောင်းဆုံးရတနာဆိုတာ ပညာတရားပဲ။ ခိုးသူဓားပြတို့ မလုယက်၊ မဖျက်ဆီးနိုင်တဲ့ ပစ္စည်းဥစ္စာဆိုတာ ပုည = ကောင်းမှုကုသိုလ်တွေပဲလို့ မြတ်စွာဘုရား အစဉ်အတိုင်း ဖြေကြားလိုက်ပါတယ်။

သင်္ဂါယနာ ၆-တန်တင်ခဲ့လို့ တရားနာပရိသတ်များထံ ရောက်လာတယ်။ တရားနာပရိသတ်များအတွက် အလွန်လိုက်နာ ကျင့်ကြံဖို့ကောင်းတဲ့ တရားလေးပါးပါပဲ။ မှတ်မိနေရအောင် ဆောင်ပုဒ်ကလေးတွေ ရေးဦးစွာ ဆိုထားရအောင်။

ဆောင်ပုဒ်။ ။ ငယ်ရွယ်သည်မှ၊ အိုမင်းကျလာ၊ ကျင့်ဖို့ရာ၊ ကောင်းတာဘယ်ပါနည်း။
ငယ်ရွယ်သည်မှ၊ အိုမင်းကျလာ၊ ကျင့်ဖို့ရာ၊ ကောင်းတာသီလတည်း။
ကိုယ့်မှာမြဲစွာ၊ တည်ဖို့ရာ၊ ကောင်းတာဘယ်ပါနည်း။
ကိုယ့်မှာမြဲစွာ၊ တည်ဖို့ရာ၊ ကောင်းတာသဒ္ဓါတည်း။
လူ့လောကမှာ၊ နှစ်သက်ရာ၊ ကောင်းတာဘယ်ပါနည်း။

www.dhammadownload.com



လူ့လောကမှာ၊ နှစ်သက်ရာ၊ ကောင်းတာ
ပညာတည်း။
မခိုးနိုင်ရာ၊ မြတ်ဥစ္စာ၊ ဖြစ်တာဘယ်ပါနည်း။
မခိုးနိုင်ရာ၊ မြတ်ဥစ္စာ၊ ဖြစ်တာကောင်းမှု
တည်း။

နတ်သားလျှောက်ထားတဲ့အတိုင်း အစဉ်အတိုင်း မြတ်စွာဘုရား ဖြေကြားလိုက်ပါတယ်။ ယယ်ရွယ်သည့်မှစပြီးတော့ အိုမင်းသွားသည့်တိုင်အောင်ကောင်းတဲ့တရားဟာ သီလတရားပဲ။ တရားနာပရိသတ်များ စောင့်ထိန်းနေတဲ့ ငါးပါးသီလကစပြီးတော့ သီလတရားတွေဟာ ငယ်ရွယ်သည့်မှစ၍ အိုမင်းသွားသည့်တိုင် အောင်ကောင်းတဲ့တရားတွေပဲ။

## သာဓု၏ အဓိပ္ပါယ်

**သာဓု** = ကောင်းတယ်တဲ့။ သာဓုကိုလည်း အဋ္ဌကထာဆရာ၊ ဋီကာဆရာတွေက ဖွင့်ပြတယ်။ **လဒ္ဒကံ ဘဒ္ဒံ။ လဒ္ဒကံ** = ရအပ်သော၊ **ဘဒ္ဒံ** = ကောင်းခြင်းပင်တည်း။ အဋ္ဌကထာဆရာ ဖွင့်ပြတယ်။ ကောင်းတယ်ဆိုတာ ရအပ်သောကောင်းခြင်းပဲတဲ့။ **ဟိတသုခ သာဓနတော သာဓု။ ဟိတသုခ** = အကျိုးစီးပွားကို၊ **သာဓနတော** = ပြီးစေတတ်သောကြောင့်၊ **သာဓု** = ကောင်း၏။

www.dhammadownload.com



အကျိုးစီးပွားတွေကို ပြီးစေနိုင်သောကြောင့်လည်း **သာဓု** = ကောင်းတယ်တဲ့။

## (၁) အိုမင်းသည့်တိုင်အောင်ကောင်းတာ သီလတရား

သီလနဲ့ပြည့်စုံတာ မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ အို-အကျိုးစီးပွားတွေ ပြည့်စုံကြတာ သီလအကျိုး ဘယ်နှမျိုး ... ငါးမျိုးပါဘုရား။ ငါးမျိုးရနိုင်တယ်။ အဲဒီမှာ အဋ္ဌကထာဆရာများက ဗျတိရေကအားဖြင့်၊ ပြောင်းပြန်အားဖြင့် ဖွင့်ပြတယ်။ တရားနာပရိသတ်များ ပိုပြီးတော့သဘောကျနေရအောင် ငယ်ရွယ်သည်မှစ၍ အိုမင်းသည့်တိုင်အောင်ကောင်းတဲ့တရားဟာ သီလတရားလို့ဆိုတဲ့နေရာမှာ -

**မုတ္တာမဏိ ရတန ဝတ္ထာဒီနိ၊ ရတ္တ ဝတ္ထာနိ။**

**မုတ္တာမဏိ ရတန ဝတ္ထာဒီနိ** = ပုလဲ ပတ္တမြား အလွန်တောက်ပြောင်သောအဝတ် အစရှိကုန်သော၊ **ဝတ္ထာဒီနိ** = အဝတ်တန်ဆာ စသည်တို့ကို၊ **တရုဏကာလေယေဝ** = ငယ်သောအခါ၌သာလျှင်၊ **သောဘန္တိ** = တင့်တယ်ကုန်၏။

www.dhammadownload.com



ပုလဲတို့၊ ပတ္တမြားတို့၊ အလွန်တောက်ပြောင်တဲ့ အဝတ်အထည်တွေဟာ ငယ်ရွယ်သည့်အချိန်မှာသာ ဝတ်လို့ကောင်းကြတယ်၊ တင့်တယ်တယ်။ **ဇရာဇိဏ္ဏကာလေ** = အိုမင်းသောအခါ၌၊ **တာနိ** = ထိုပုလဲ ပတ္တမြား အလွန်တောက်ပြောင်သော အဝတ်တန်ဆာတို့ကို၊ **ဓာရေန္တော** = ဝတ်ဆင်သောသူသည် ဝတ်ဆင်လိုက်ရင်တော့ ဘယ်လိုဖြစ်သွားနိုင်လဲဆိုရင် အကဲ့ရဲ့ခံရလိမ့်မယ်တဲ့။ **အယံ** = ဤသူသည်၊ **အဇ္ဈာပိ** = ယခုလောက်အရွယ်ကြီးသို့ရောက်နေသော်လည်း၊ **ဗာလဘာဝံ** = သူငယ်၏အဖြစ်ကို၊ **ပတ္ထေတိ** = တောင့်တနေသေး၏။

အရွယ်ကတော့ (၇၀)ကျော် (၈၀)ရှိနေပြီ။ ပုလဲတွေ၊ ပတ္တမြားတွေ၊ အလွန်တောက်ပြောင်တဲ့ အဝတ်အထည်တွေ၊ ငယ်ရွယ်စဉ်က အဝတ်အထည်တွေ ပြန်ဝတ်နေမယ်ဆိုလို့ရှိရင်တော့ အသက်ကသာကြီးနေတယ်၊ ငယ်ငယ်ရွယ်ရွယ်အဖြစ်ကိုပဲ ပြန်တောင့်တနေတယ်။ ချီးမွမ်းတာလား၊ ကဲ့ရဲ့တာလား ... ကဲ့ရဲ့တာပါဘုရား။

**ဥမ္မတ္တကော မညေ** = ရူးများရူးနေရော့သလား၊ **ဣတိ** = ဤသို့၊ **ဝတ္တဗ္ဗတံ** = ဆိုအပ်သည်၏အဖြစ်သို့၊ **အာပဇ္ဇတိ** = ရောက်၏။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာ

www.dhammadownload.com



ဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ငယ်ရွယ်စဉ်အခါက ဝတ်ဆင်တဲ့ ပုလဲတွေ၊ ပတ္တမြားတွေ၊ အလွန်တောက်ပြောင်တဲ့ အဝတ်အထည်တွေ ပြန်ပြီးတော့ ဝတ်နေတယ်။ အသက်အရွယ်ကတော့ (၇၀)ကျော် (၈၀)လောက်ရှိနေပြီ။ အို-ဘယ့်နှယ်များ ဖြစ်နေတာပါလိမ့်မလဲ၊ စိတ်မှ မှန်မှမှန်ပါတော့ရဲ့လားလို့ သူတစ်ပါးတွေ ချီးမွမ်းမလား၊ ကဲ့ရဲ့မလား ... ကဲ့ရဲ့ပါမယ်ဘုရား။

ပကတိသောအဝတ်တွေဟာ အဲဒီလိုတဲ့။ အရွယ်နဲ့လိုက်အောင် ဝတ်ရတယ်။ ငယ်ရွယ်တဲ့အခါမှာတော့ ငယ်ရွယ်တဲ့ အဝတ်မျိုးတွေ၊ အဆင်နုတာတွေ ဝတ်ရတယ်။ အလယ်အလတ်အရွယ်ရောက်တော့လည်း အသင့်အတင့် ရင့်ကျက်တဲ့အဝတ်အထည်တွေကို ဝတ်ရတယ်၊ အသက်အရွယ်ကြီးလာတော့အလွန်ရင့်ကျက်တဲ့ အဝတ်အထည်တွေ၊ ဣန္ဒြေရတဲ့ အဝတ်အထည်တွေကို ဝတ်ရတယ်။ ပကတိသောအဝတ်အထည်တွေဝတ်တာ အရွယ်ကိုကြည့်ပြီးတော့ မဝတ်ရပါဘူးလား ... ဝတ်ရပါတယ်ဘုရား။ သီလအဝတ်ကတော့ ဒီလိုလားဆိုတော့ ဒီလိုမဟုတ်ပါဘူးတဲ့။

www.dhammadownload.com



**သီလံ** = သီလသည်၊ **ဧဝံ** = ဤသို့၊ **န ဟောတိ** = မဖြစ်။ သီလကတော့ ဒီလိုမဟုတ်ဘူး။ **န ဧဝံ သီလံ** = သီလကတော့ ဒီလိုမဟုတ်ဘူး။ **သီလံ** = သီလသည်၊ **နိစ္စကာလံ** = အမြဲမပြတ်ကာလပတ်လုံး၊ **သောဘတိ** = တင့်တယ်၏။

သီလကတော့ ဒီလိုမဟုတ်ဘူးတဲ့။ ဘယ်အရွယ်ပဲဝတ်ဝတ်၊ ဘယ်အရွယ်ပဲ သီလတွေ ဆောက်တည်ထား၊ ဆောက်တည်ထား **နိစ္စကာလံ** = အမြဲ၊ **သောဘတိ** = တင့်တယ်နေတယ်တဲ့။ ဟုတ်ပါရဲ့လား ... ဟုတ်ပါတယ်ဘုရား။

အဋ္ဌကထာဆရာကိုယ်တိုင်ပဲ ဖွင့်ပြတယ်။ **ဗာလကာလေပိ** = ငယ်ရွယ်သောအခါ၌လည်း၊ **သီလံ** = သီလကို၊ **ရက္ခန္တံ** = စောင့်ရှောက်သောသူကို၊ **ဣမသ္မ** = ဤသူအား၊ **သီလေန** = သီလဖြင့်၊ **ကိံ** = အဘယ်အကျိုးရှိအံ့နည်း။ အို-ငယ်ငယ်လေးနဲ့ သီလတွေ ဆောက်တည်ထားတာ ထိုပုဂ္ဂိုလ်အတွက် အကျိုးမရှိပါဘူး၊ မကောင်းပါဘူး။ ပြောများပြောကြမလား ... မပြောပါဘုရား။

**ဝတ္တာရော** = ပြောဆိုခြင်းသည်၊ **နတ္ထိ** = မရှိ။ မပြောကြဘူးတဲ့။ အို-တော်လိုက်တာ၊ တော်လိုက်တာ ငယ်ငယ်လေးနဲ့ သီလတွေ လုံခြုံအောင်စောင့်ထိန်းနေတယ်။ သာဓုမခေါ်ကြပါ

www.dhammadownload.com



ဘူးလား ... ခေါ်ကြပါတယ်ဘုရား။ တယ်တော်တဲ့ကလေးပဲ၊ သီလတွေ လုံခြုံအောင် စောင့်ထိန်းတယ်၊ သာဓု၊ သာဓု။ အခု ခေတ်လည်း မပြောကြပါဘူးလား ... ပြောကြပါတယ်ဘုရား။

**မဇ္ဈိမကာလေပိ** = အရွယ်အလတ်ဖြစ်သောကာလ၌ လည်း၊ **သီလံ** = သီလကို၊ **ရက္ခန္တံ** = စောင့်ထိန်းသောသူကို၊ **ဉ္ဇမသဿ** = ဤသူအား၊ **သီလေန** = သီလဖြင့်၊ **ကိံ** = အဘယ် အကျိုးရှိအံ့နည်း။ အို-လူငယ်လူရွယ်နဲ့ သီလတွေစောင့်ထိန်းတာ ဘာအကျိုးရှိလို့လဲ၊ မတော်ပါဘူးလို့ ဘယ်ပုဂ္ဂိုလ်ကများ ပြောပါ့ မလဲ ... မပြောပါဘုရား။

**ဝတ္တာရော** = ဆိုခြင်းသည်၊ **နတ္ထိ** = မရှိ။ ဘယ်သူမှ မပြောဘူးတဲ့။ အို-တော်လိုက်တာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သီလ တွေ လုံခြုံအောင်ထိန်းနေတာပဲ။ စီးပွားရေးတွေလုပ်ပါရဲ့ သီလ ကိုလည်း လုံခြုံအောင်ထိန်းတယ်။ မတော်ပါဘူးလား ... တော် ပါတယ်ဘုရား။ သာဓု၊ သာဓု။ ယခုခေတ်လည်း သာဓုမခေါ်ပါ ဘူးလား ... သာဓုခေါ်ပါတယ်ဘုရား။ သာဓုခေါ်တယ်။

**မဟလ္လကကာလေပိ** = အိုမင်းသောကာလ၌လည်း၊ **သီလံ** = သီလကို၊ **ရက္ခန္တံ** = စောင့်ထိန်းသောသူကို၊ **ဉ္ဇမသဿ** = ဤသူအား၊ **သီလေန** = သီလဖြင့်၊ **ကိံ** = အဘယ်အကျိုးရှိ

www.dhammadownload.com



အံ့နည်း။ အဲသလိုလည်း ဘယ်သူမှ မပြောပါဘူး။ အို-အသက် အရွယ်ကကြီးနေပြီ။ သီလတွေ သိပ်လုံခြုံအောင် စောင့်ထိန်း တာကိုး။ နေရာမကျပါဘူး၊ မကောင်းပါဘူးလို့ ပြောများပြောပါ့ မလား ... မပြောပါဘုရား။

သာဓု၊ သာဓု။ အဖိုးတို့၊ အဖွားတို့ သီလတွေ လုံခြုံ လိုက်တာ၊ ကြည်ညိုစရာကောင်းလိုက်တာ။ မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။ အဋ္ဌကထာဆရာတွေ ဖွင့်ပြတာ။ ပြောင်းပြန်အားဖြင့်ဖွင့်ပြတာ။ သဘောကျအောင်ဖွင့်ပြတာကိုး။

**ဆောင်ပုဒ်။ ။ ငယ်ရွယ်သည်မှ၊ အိုမင်းကျလာ၊ ကျင့်ဖို့ရာ၊ ကောင်းတာသီလတည်း။**

ငယ်စဉ်အခါလည်း သီလကို လုံခြုံအောင်စောင့်ထိန်း တာ **သာဓု** = ကောင်းတာပဲ။ မဇ္ဈိမအရွယ်၊ အလယ်အလတ် အရွယ်မှာလည်း သီလကို လုံခြုံအောင်စောင့်ထိန်းတာ **သာဓု** = ကောင်းတာပါပဲ။ **မဟလ္လက** = အိုမင်းသောအခါ သီလကို လုံခြုံ အောင်စောင့်ထိန်းတာလည်း **သာဓု** = ကောင်းတာပါပဲ။ မြတ်စွာ ဘုရားရဲ့အလိုကျ အဋ္ဌကထာဆရာတွေက ဖွင့်ပြတယ်။ တရား နာပရိသတ်များ သဘောကျပါရဲ့လား ... သဘောကျပါတယ် ဘုရား။

www.dhammadownload.com



အို-သဘောတွေကျ၊ နေရာကျလိုက်တာ။ ကိုယ်တိုင်လည်း ကျင့်သုံးနေတာကိုး။ တရားနာပရိသတ်များ သဘောကျစရာကြီးပဲ။ ရှေးသူမြတ်တွေ၊ ဆရာ့ဆရာတွေလည်း သီလကို အထူးပဲ ချီးမွမ်းပြီးတော့ ဖွင့်ပြကြပါတယ်။

**သီလံ ယောဂိဿ လင်္ကာရော၊**
**သီလံ ယောဂိဿ မဏ္ဍနံ။**
**သီလေဟိ လင်္ကတော ယောဂီ၊**
**မဏ္ဍနေ အဂ္ဂတံ ဂတော။**

**သီလံ** = သီလသည်၊ **ယောဂိဿ** = ယောဂီပုဂ္ဂိုလ်၏၊ **အလင်္ကာရော** = ဝတ်ဆင်စရာ တန်ဆာတစ်မျိုးပင်တည်း။ **သီလံ** = သီလသည်၊ **ယောဂိဿ** = ယောဂီပုဂ္ဂိုလ်၏၊ **မဏ္ဍနံ** = ထူးခြားသော အဝတ်တန်ဆာတစ်မျိုးပင်တည်း။ **သီလေဟိ** = သီလတို့ဖြင့်၊ **လင်္ကတော** = တန်ဆာဆင်ထားအပ်သော၊ **ယောဂီ** = ယောဂီပုဂ္ဂိုလ်သည်၊ **မဏ္ဍနေ** = တန်ဆာဆင်ခြင်း၌၊ **အဂ္ဂတံ** = အမြတ်ဆုံး၏အဖြစ်သို့၊ **ဂတော** = ရောက်ရ၏။ **ဣတိ** = ဤသို့၊ **ပေါရာဏာ** = ရှေးဆရာမြတ်တို့သည်၊ **အာဟု** = ကောင်းစွာမသွေ ဖွင့်ပြတော်မူကြပါပေကုန်သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com



သီလဟာ တရားနာပရိသတ်များအတွက်၊ ယောဂီများအတွက် ဝတ်ဆင်စရာ တန်ဆာတစ်မျိုးပဲတဲ့။ သီလဟာ တရားနာပရိသတ်များအတွက်၊ ယောဂီများအတွက်၊ သူတော်ကောင်းများအတွက် ထူးခြားတဲ့ တန်ဆာတစ်မျိုးပဲတဲ့။ သီလဖြင့် တန်ဆာဆင်ထားတာဟာ တန်ဆာဆင်ခြင်းအမျိုးမျိုးတို့တွင် အမြတ်ဆုံးတန်ဆာဆင်ခြင်းပဲတဲ့။ တရားနာပရိသတ်များ သဘောပေါက်ပါရဲ့လား ... သဘောပေါက်ပါတယ်ဘုရား။ သိပ်သဘောပေါက်စရာကောင်းတယ်။

ယခုတရားနာပရိသတ်များ ပကတိသောအဝတ်တွေတော်ရုံတန်ရုံပဲ ဝတ်ဆင်ကြတာပဲ။ လူနဲ့သူနဲ့ နေလို့ဖြစ်ရုံပဲ ဝတ်ဆင်ကြတာပဲ။ သီလကိုတော့ အထူးလုံခြုံအောင် မစောင့်ထိန်းကြပါဘူးလား ... စောင့်ထိန်းကြပါတယ်ဘုရား။

သီလကို အထူးလုံခြုံအောင် စောင့်ထိန်းထားတော့ ကြည်ညိုကြတယ်။ မြင်ကြ၊ တွေ့ကြတဲ့ပုဂ္ဂိုလ်တိုင်း ကြည်ညိုလိုက်ကြတာ။ တစ်ဦးနဲ့တစ်ဦး ကြည်ညိုကြ။ အသက်အရွယ်ကြီးတဲ့ပုဂ္ဂိုလ်ကလည်း အသက်အရွယ်ကြီးတဲ့ပုဂ္ဂိုလ်အလျောက်ငယ်ရွယ်တဲ့ပုဂ္ဂိုလ်တွေက ကြည်ညိုကြ။ ငယ်ရွယ်သူပုဂ္ဂိုလ်ကလည်း အချင်းချင်း ကြည်ညိုကြတယ်။ ဘာဖြစ်လို့လဲ။ သီလဆိုတဲ့အဝတ်ကို လုံခြုံအောင်စောင့်ထိန်းထား၊ ဝတ်ထားလို့ပဲ။

www.dhammadownload.com



ရှေးဆရာမြတ်တွေ ဖွင့်ပြတာ သိပ်ပြီးတော့ သဘာဝကျပါတယ်။ ပြောင်းပြန်အားဖြင့် ဆင်ခြင်ကြည့်၊ နှလုံးသွင်းကြည့်ရင် ပိုပြီးတော့ ထင်ရှားပါတယ်။ သူတစ်ပါးတွေ ကြည်ညိုစေချင်လွန်းလို့ သူကတော့ စိန်တွေ၊ ရွှေတွေ၊ ပတ္တမြားတွေဝတ်တယ်။ ဒါပေမဲ့ သူကတော့ သီလကမလုံခြုံဘူး။ ခိုးချင်လည်း ခိုးလိုက်တာပဲ၊ လိမ်ချင်လည်း လိမ်လိုက်တာပဲ၊ သူတစ်ပါးသားသမီးတွေ ဖျက်ဆီးချင်လည်း ဖျက်ဆီးလိုက်တာပဲ။ ဒါပေမဲ့လည်း သူ့ကို သူများတွေ ကြည်ညိုရအောင်လို့ ဝတ်ထားလိုက်တာ ညွတ်အောင်ဝတ်ထားတယ်။ တရားနာပရိသတ်များ ကြည်ညိုမလား ... မကြည်ညိုပါဘုရား။

အို-အပြင်ကသာဝတ်ထားတာ၊ အတွင်းကတော့ ပုပ်နေတာပဲ၊ သီလတွေ ပျက်နေတာပဲ။ ကြည်ညိုပါသေးရဲ့လား ... မကြည်ညိုပါဘုရား။ ဘယ်သူမှ မကြည်ညိုဘူး။ ဗမာပြည်မှာ ဘယ်သူမှ မကြည်ညိုဘူး။ တခြားတိုင်းပြည်မှာတော့ မပြောတတ်ဘူးပေါ့လေ။ ဗမာပြည်မှာတော့ ဘယ်သူမှ မကြည်ညိုဘူး။ ဘယ်လောက်ပဲ ဆင်ထားဆင်ထား၊ ညွတ်အောင်ဆင်ထား၊ မင်းသမီးတမျှ လှပအောင်ဆင်ထား။ ကြည်ညိုဦးမလား ... မကြည်ညိုပါဘုရား။

www.dhammadownload.com



နတ်သမီးတမျှ လှပအောင်ဆင်ထား။ ကြည်ညိုမလား ... မကြည်ညိုပါဘုရား။ နတ်သားတမျှ လှပအောင်ဆင်ထား။ ကြည်ညိုမလား ... မကြည်ညိုပါဘုရား။ အို-သီလအဝတ်မှမရှိဘဲ။ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေ မကြည်ညိုဘူး။ မလွှဲသာလို့သာ ဆက်ဆံနေရတာ။ ကြည်ညိုသေးရဲ့လား ... မကြည်ညိုပါဘုရား။ သိပ်ထင်ရှားတယ်။ မြတ်စွာဘုရားဟောကြားတာနဲ့၊ အဋ္ဌကထာဆရာတွေဖွင့်ပြတာနဲ့၊ ဆရာ့ဆရာတွေ ဖွင့်ပြတာနဲ့ တကိုက်ထဲမဖြစ်နေပါဘူးလား ... တကိုက်ထဲဖြစ်နေပါတယ်ဘုရား။ တရားနာပရိသတ်များ သဘောတွေကျ။ သီလဟာ အဝတ်တန်ဆာတစ်မျိုးပဲတဲ့။

သူ့အသက်ကိုမသတ်ဘဲ ပါဏာတိပါတာသိက္ခာပုဒ်ကို ရှောင်ကြဉ်နေတာဟာလည်း မြတ်စွာဘုရား ပေးသနားတော်မူတဲ့ ဝတ်စုံကြီးတစ်စုံ ဝတ်ဆင်ထားတာပဲ။ သူတစ်ပါးဥစ္စာကိုမခိုးဘဲ အဒိန္နာဒါနသိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းတာလည်း မြတ်စွာဘုရား ပေးသနားတော်မူတဲ့ ဝတ်စုံကြီးတစ်စုံ ဝတ်ဆင်ထားတာပဲ။ သူတစ်ပါးသားသမီးကိုမဖျက်ဆီးဘဲ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းတာလည်း မြတ်စွာဘုရား ပေးသနားတော်မူတဲ့ ဝတ်စုံကြီးတစ်စုံ ဝတ်ဆင်ထားတာပဲ။ မုသာဝါဒသိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းတာလည်း

www.dhammadownload.com



မြတ်စွာဘုရား ပေးသနားတော်မူတဲ့ အလွန်တင့်တယ်တဲ့ ဝတ်စုံကြီးတစ်စုံ ဝတ်ဆင်ထားတာပဲ။ အရက်သေစာမသောက်စားဘဲ သုရာမေရယသိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းတာလည်း မြတ်စွာဘုရား ပေးသနားတော်မူတဲ့ အလွန်တင့်တယ်တဲ့ ဝတ်စုံကြီးတစ်စုံကို ဝတ်ဆင်ထားတာနဲ့တူတယ်တဲ့။ မတူပါဘူးလား ... တူပါတယ်ဘုရား။ တူလိုက်တာတဲ့။

သရဏဂုံသုံးပါးကို အမြဲဆောက်တည်ထားတာဟာ ခေါင်းပေါ်မှာ ရွှေပန်းခိုင်ကြီး ပန်ထားသလိုပါပဲတဲ့။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေဖြစ်ရတာ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ အို-နေရာကျလိုက်တာတဲ့။ ဝတ်စုံကြီးငါးစုံ ဝတ်ဆင်ထားတော့ တွေ့တဲ့ပုဂ္ဂိုလ်တိုင်း ကြည်ညိုလိုက်ကြတာ။ အကျိုးကလည်း ငါးမျိုးတောင် ရရှိနိုင်ပါတယ်။ အကျိုးဘယ်နှမျိုးရပါသလဲ ... ငါးမျိုးရနိုင်ပါတယ်ဘုရား။ ဆောင်ပုဒ်ပဲဆိုကြပါစို့။ ယောဂီများကတော့ ဆိုနေကျပဲ။

ဆောင်ပုဒ်။ ။ ပစ္စည်းရလွယ်၊ ဂုဏ်ကောင်းကြွယ်၍၊
မငယ်မျက်နှာ၊ မတွေကာသေ၊
ရောက်လေနတ်ရွာ၊ ဤငါးဖြာ၊
မှန်စွာသီလအကျိုးတည်း။

www.dhammadownload.com



တရားသဖြင့် ပစ္စည်းဥစ္စာရှာမယ်ဆိုလို့ရှိရင်လည်း ပစ္စည်းရလွယ်တယ်။ သီလရှိတဲ့ပုဂ္ဂိုလ်များ သီလမရှိတဲ့ပုဂ္ဂိုလ်နဲ့ သီလရှိတဲ့ပုဂ္ဂိုလ် ပစ္စည်းရှာ။ တရားသဖြင့်ရှာမယ်ဆိုရင် သီလရှိတဲ့ပုဂ္ဂိုလ်က လွယ်လွယ်နဲ့ ရနိုင်ပါတယ်။ ရဟန်းတော်၊ သံဃာတော်များမှာတော့ ပိုထင်ရှားတယ်။ သီလရှိတဲ့ရဟန်းတော်များ ပစ္စည်းလေးပါး ရလွယ်လိုက်တာ။ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းတွေ လိုအပ်တာထက်တောင် ပိုပိုပြီးတော့ ရနေတယ်။ လှူလို့မကုန်၊ ပေးလို့မကုန်အောင်ဖြစ်နေကြတယ်။ ပစ္စည်းရလွယ်တယ်ဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

**"ဂုဏ်ကောင်းကြွယ်၍"**။ ဂုဏ်သတင်းကောင်းတွေ ကျော်ကြားတယ်။ အို-သိပ်ပြီးတော့ သီလတွေလုံခြုံတာပဲ။ မတရားတာတွေ ဘာတစ်ခုမျှမလုပ်ဘူး။ လူကိုမတွေ့ရသေးဘူး။ သတင်းကြားတာနဲ့ ကြည်ညိုနေကြတဲ့ပုဂ္ဂိုလ်တွေ မရှိပါဘူးလား ... ရှိပါတယ်ဘုရား။

**"မငယ်မျက်နှာ"**။ ပရိသတ်လေးပါးသို့ဝင်တဲ့အခါ မျက်နှာမငယ်ဘူး။ ရွှင်ရွှင်ပျပျ ဝမ်းမြောက်ဝမ်းသာနဲ့ ပရိသတ်လေးပါးသို့ဝင်ရတယ်။ ကြွပါ၊ လာပါ၊ ထိုင်ပါ၊ မီဝဲသုံးဆောင်ပါ။ တရားနာပရိသတ်များကို မဖိတ်ခေါ်နေပါဘူးလား ... ဖိတ်ခေါ်နေပါတယ်ဘုရား။ ဘာရှိလို့ဖိတ်ခေါ်နေတာလဲ ... သီလရှိလို့ပါဘုရား။

www.dhammadownload.com



သီလသာပျက်သွားရင်တော့ ဘယ်သူမှ ခေါ်တော့မှာမဟုတ်ဘူး။ အဲဒီပရိသတ်ထဲက တစ်ယောက်ယောက်ရဲ့ပစ္စည်းကို ခိုးထားတာများရှိရင် ခေါ်ပါတော့မလား ... မခေါ်ပါဘုရား။ ဒီပုဂ္ဂိုလ် နေရာမကျဘူး။ ဒီမဏ္ဍပ်ထဲကလည်း သူယူချင်ယူသွားမှာ။ ဖိတ်လို့တော်ပါ့မလား ... မတော်ပါဘုရား။ သိပ်ထင်ရှားတယ်။

"**မတွေကာသေ၊ ရောက်လေနတ်ရွာ**"။ သေခါနီးကာလမှာလည်း ကောင်းတဲ့အာရုံနိမိတ်တွေထင်ပြီးတော့ မတွေမဝေ သေရတယ်။ သေပြီးတဲ့နောက်မှာလည်း နတ်ပြည်ပဲရောက်ကြတာ များပါတယ်တဲ့။

သီလအကျိုးငါးပါး တရားနာပရိသတ်များ ကိုယ်တိုင်ရရှိတဲ့ အကျိုးငါးပါးပါပဲ။ ဒီဘဝအတွက်က လေးပါး၊ နောင်ဘဝအတွက်က တစ်ပါး၊ ငါးပါးရရှိနေတယ်။ သီလအကြောင်းဟောတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။

## (၂) ကိုယ့်မှာ အမြဲတည်ဖို့ကောင်းတာ သဒ္ဓါတရား

**သာဓု ပတိဋ္ဌိတာ** = မိမိတို့သန္တာန်မှာ အမြဲတည်ရှိဖို့ရာကောင်းတဲ့တရားသည်၊ **သဒ္ဓါ** = ဘုရား တရား သံဃာ ကံ

www.dhammadownload.com



ကံ၏အကျိုး ဤငါးမျိုးကို ယုံကြည်အားကိုးတဲ့ သဒ္ဓါတရားပင် တည်း။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

မိမိတို့သန္တာန်မှာ အမြဲတည်ရှိဖို့ရာကောင်းတဲ့တရားဟာ သဒ္ဓါတရားပဲ။ တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ ငယ်ရွယ်စဉ်အခါကတည်းက မိကောင်း ဖကောင်း၊ ဆရာကောင်း သမားကောင်းတွေနဲ့ နေထိုင်ခဲ့ရလို့၊ မိကောင်း ဖကောင်း၊ ဆရာသမားကောင်းတွေရဲ့ အဆုံးအမကိုလည်း ရခဲ့လို့ ဘုရားကိုလည်းယုံ၊ တရားကိုလည်းယုံ၊ သံဃာကိုလည်းယုံ၊ ကိုယ်ပြုတဲ့ ကုသိုလ်ကံကိုလည်းယုံ။ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် မိမိပြုထားတဲ့ ကုသိုလ်ကံဟာ လိုက်ပါသွားတယ်၊ ရဟန္တာဖြစ်သည့်တိုင်အောင် လိုက်ပါသွားတယ်လို့ ယုံမှယုံပါရဲ့လား ... ယုံပါတယ်ဘုရား။ ယုံတာကိုဘာလို့ခေါ် ... သဒ္ဓါလို့ခေါ်ပါတယ်ဘုရား။

ကိုယ်ပြုတဲ့ ကုသိုလ်ကံ၏အကျိုးပေးကိုလည်း ယုံကြည်တယ်။ ကုသိုလ်ကံအကျိုးပေးဆိုတာ ဒီဘဝမှာလည်း ခံစားရရှိတယ်၊ ပထမဇောကုသိုလ်စေတနာကံက အကျိုးပေးလို့၊ ဒုတိယ

www.dhammadownload.com



ဘဝမှာလည်း ခံစားရရှိတယ်၊ သတ္တမဇော ၇-ခုမြောက် ကုသိုလ်စေတနာကံက အကျိုးပေးလို့။ တတိယဘဝကစပြီးတော့ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ကုသိုလ်ကံ၏အကျိုးပေးတွေကို ခံစားရရှိတယ်၊ အလယ်ဇောကုသိုလ်ကံငါးချက်က အကျိုးပေးလို့။ ဒီဘဝကစပြီးတော့ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ကုသိုလ်ကံ၏အကျိုးပေးတွေကို ခံစားရရှိနိုင်တယ်လို့ တရားနာပရိသတ်များ ယုံပါရဲ့လား ... ယုံပါတယ်ဘုရား။ ယုံတာကိုဘာလို့ခေါ် ... သဒ္ဓါပါဘုရား။ ငယ်ရွယ်စဉ်အခါကတည်းက မရှိခဲ့ပါဘူးလား ... ရှိခဲ့ပါတယ်ဘုရား။

**ဆောင်ပုဒ်။ ။** **ကိုယ့်မှာမြဲစွာ၊ တည်ဖို့ရာ၊**
**ကောင်းတာဘယ်ပါနည်း။**

**ကိုယ့်မှာမြဲစွာ၊ တည်ဖို့ရာ၊**
**ကောင်းတာသဒ္ဓါတည်း။**

သဒ္ဓါတရား မိမိသန္တာန်မှာ အမြဲတည်ဖို့ရာကောင်းတဲ့တရားပဲတဲ့။ သဒ္ဓါတရားကိုလည်း သေသေချာချာသိထားဖို့လည်း လိုအပ်ပါတယ်။ ယခုတရားနာပရိသတ်များကတော့ သိတာများနေပါတယ်။

www.dhammadownload.com



ဗုဒ္ဓတရားတော်တွေဟာ ကမ္ဘာမှာပျံ့နှံ့သွားလို့၊ ကမ္ဘာက အထူးအလေးဂရုပြုလာတဲ့အချိန်ဖြစ်လို့ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေနဲ့ တွေ့ကြုံတဲ့အခါ အလွန်ပဲ မေးကြမြန်းကြတယ်။ အနောက်နိုင်ငံသားတွေ၊ ဘာသာခြားတွေက မေးဖို့ရာတော့ သူတို့က ဝန်မလေးဘူးတဲ့။ အားလည်းမနာတတ်ဘူး။

သဒ္ဓါ၊ သဒ္ဓါလို့ပြောနေတယ်။ ဘယ်လိုဟာကို သဒ္ဓါလို့ခေါ်ပါသလဲ။ ဖြေနိုင်ရင်တော့ အကျိုးများတယ်။ မဖြေနိုင်ရင်တော့ အထင်အမြင်သေးသွား၍ သာသနာအတွက် အကျိုးမများတော့ဘူး။ တရားနာပရိသတ်များကတော့ ဖြေမှာပဲ။ သဒ္ဓါဆိုတာ ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုး ဤငါးမျိုးကို ယုံကြည်အားကိုးတာကို သဒ္ဓါလို့ခေါ်ပါတယ်။

**ဆောင်ပုဒ်။ ။ သုံးပါးရတနာ၊ ကံကျိုးပါ၊**
**ယုံတာသဒ္ဓါမည်။**

"**သုံးပါးရတနာ**"။ ဘုရားရတနာကိုလည်းယုံ၊ တရားရတနာကိုလည်းယုံ၊ သံဃာရတနာကိုလည်းယုံ။ တရားနာပရိသတ်များ ငယ်ရွယ်စဉ်အခါကတည်းက မယုံခဲ့ပါဘူးလား ... ယုံခဲ့ပါတယ်ဘုရား။

www.dhammadownload.com



ကိုယ်ပြုတဲ့ ကုသိုလ်ကံကိုလည်းယုံ၊ ကိုယ်ပြုတဲ့ ကုသိုလ်ကံရဲ့အကျိုးကိုလည်းယုံ။ ဒီငါးမျိုးကိုယုံတာကို ဘာလို့ခေါ် ... သဒ္ဓါလို့ခေါ်ပါတယ်ဘုရား။ အဲဒီသဒ္ဓါကလည်း အကြမ်းဖျင်းအားဖြင့် နှစ်မျိုးရှိတယ်။ စလသဒ္ဓါ၊ အစလသဒ္ဓါတဲ့။ စလသဒ္ဓါဆိုတာ တုန်လှုပ်ပျက်ပြားတတ်တဲ့သဒ္ဓါ။ အစလသဒ္ဓါဆိုတာ မတုန်လှုပ်၊ မပျက်ပြားတတ်တဲ့သဒ္ဓါလို့ သဒ္ဓါဘယ်နှမျိုး ... နှစ်မျိုးပါဘုရား။

အကျယ်တဝင့်ကတော့ အများကြီးပါပဲတဲ့၊ အဲဒီတုန်လှုပ်ပျက်ပြားတတ်တဲ့သဒ္ဓါဆိုတာ ဘယ်လိုသဒ္ဓါမျိုးလည်းဆိုတော့ ပုထုဇဉ်ပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာရှိတဲ့ သဒ္ဓါတရားဟာ **စလသဒ္ဓါ** = တုန်လှုပ်ပျက်ပြားသွားတတ်တယ်။ ဒီဘဝမှာလည်း အကြောင်းအမျိုးမျိုးကြောင့် တုန်လှုပ်ပျက်ပြားသွားတတ်တယ်၊ နောင်ဘဝတွေမှာလည်း အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားတတ်တယ်။

အစလသဒ္ဓါဆိုတာ ဒီဘဝမှာလည်း ဘယ်လိုအကြောင်းကြောင့်မှ မပျက်စီးတော့ဘူး။ နောင်ဘဝမှာလည်း ဘယ်လိုအကြောင်းကြောင့်မှ မပျက်စီးတော့တဲ့သဒ္ဓါကို အစလသဒ္ဓါ။ အစလသဒ္ဓါဆိုတာ အရိယာပုဂ္ဂိုလ်ရဲ့သန္တာန်မှာရှိတဲ့သဒ္ဓါ။ စလသဒ္ဓါဆိုတာ ပုထုဇဉ်ပုဂ္ဂိုလ်ရဲ့သန္တာန်မှာရှိတဲ့သဒ္ဓါ။ တရားနာပရိသတ်များ စလသဒ္ဓါဖြစ်ချင်ပါသလား၊ အစလသဒ္ဓါဖြစ်ချင်ပါသလား ... အစလသဒ္ဓါဖြစ်ချင်ပါတယ်ဘုရား။

www.dhammadownload.com



အို-သဘောတွေပေါက်နေကြတယ်။ အစလသဒ္ဓါဖြစ်ချင်ရင် ဘယ်တရားများအားထုတ်ရမလဲ ... သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ရပါမယ်ဘုရား။ ဒါနလောက်နဲ့ အစလသဒ္ဓါ ... မဖြစ်ပါဘုရား။ သီလလောက်နဲ့လဲ ... မဖြစ်ပါဘုရား။ သမထလောက်နဲ့လဲ ... မဖြစ်ပါဘုရား။ မဖြစ်သေးဘူး။

ဝိပဿနာတရားအားထုတ်လို့ သောတာပတ္တိမဂ်ဉာဏ်ရောက်သွားတာနဲ့ တစ်ပြိုင်နက်တည်း ဘာသဒ္ဓါ ... အစလသဒ္ဓါပါဘုရား။

ဒါကြောင့် တရားနာပရိသတ်များ သဘောတွေပေါက်ပြီးတော့ အချိန်ရသမျှ သတိပဋ္ဌာန်ဝိပဿနာတရားတွေ ပွားများအားထုတ်နေကြတယ်။ ကိုယ်အား၊ ဉာဏ်အားရှိသလောက်အားမထုတ်နေရပါဘူးလား ... အားထုတ်နေရပါတယ်ဘုရား။

**န ယိဒံ သိထိလ မာရဗ္ဘ၊ န ယိဒံ အပ္ပေန ထာမသာ။**
**နိဗ္ဗာနံ အဓိဂန္တဗ္ဗံ၊ သဗ္ဗဒုက္ခပမောစနံ။**

**သဗ္ဗဒုက္ခပမောစနံ** = အလုံးစုံသောဒုက္ခတို့၏ လွတ်မြောက်ရာဖြစ်သော၊ **ဣဒံ နိဗ္ဗာနံ** = ဤနိဗ္ဗာန်ကို၊ **သိထိလံ** = ပေါ့ပေါ့ဆဆ၊ **အာရဗ္ဘ** = အားထုတ်၍၊ **န အဓိဂန္တဗ္ဗံ** = မရောက်နိုင် (ဝါ) မရနိုင်။ **သဗ္ဗဒုက္ခပမောစနံ** = အလုံးစုံသောဒုက္ခ

www.dhammadownload.com



တို့၏ လွတ်မြောက်ရာဖြစ်သော၊ **တ္တဒံ နိဗ္ဗာနံ** = ဤနိဗ္ဗာန်ကို၊ **အပ္ပေန** = အနည်းငယ်သော၊ **ထာမသာ** = အားအစွမ်းဖြင့်၊ **အာရဗ္ဘ** = အားထုတ်၍၊ **န အဓိဂန္တုံ** = မရောက်နိုင် (ဝါ) မရနိုင်။ **တ္တတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

နိဗ္ဗာန်ကို တစ်ခါမြင်သွားတာနဲ့ ဒီသဒ္ဓါတရားဟာ တုန်လှုပ်ပါသေးရဲ့လား ... မတုန်လှုပ်တော့ပါဘုရား။ အဲဒီနိဗ္ဗာန်ကို မြင်ဖို့ရန်၊ ခိုင်မြဲတဲ့သဒ္ဓါတရားဖြစ်ဖို့ရန် သတိပဋ္ဌာန်ဝိပဿနာတရားတွေ အားထုတ်တဲ့နေရာမှာ အားထုတ်ချည်တလှည့်၊ အားမထုတ်ချည်တလှည့်နဲ့ ပေါ့ပေါ့ဆဆအားထုတ်နေလို့လည်း ... မရနိုင်ပါဘုရား။

အနည်းငယ်သော အားအစွမ်းဖြင့်လည်း အားထုတ်လို့ မရနိုင်ဘူး။ မိမိမှာ ကိုယ်အား၊ ဉာဏ်အား၊ စွမ်းအားရှိသလောက် အားထုတ်ရတယ်တဲ့။ ယခုတရားနာပရိသတ်များ သဘောတွေ ပေါက်ပြီးတော့ ကိုယ်အား၊ ဉာဏ်အား၊ စွမ်းအားရှိသလောက် အားမထုတ်နေရပါဘူးလား ... အားထုတ်နေရပါတယ်ဘုရား။

www.dhammadownload.com



အစလသဒ္ဓါဖြစ်သွားရအောင်၊ နိဗ္ဗာန်ကို အာရုံပြုသွားနိုင်ရအောင် အားထုတ်နေကြတယ်။ တရားနာပရိသတ်များသန္တာန်မှာရှိတဲ့ သဒ္ဓါတရားကိုလည်း အဋ္ဌကထာဆရာများက မကြာခဏ ချီးမွမ်းပြီးတော့ ဖွင့်ပြပါတယ်။ အကျိုးများလွန်းလို့ ချီးမွမ်းပြီးတော့ ဖွင့်ပြတယ်။ တရားနာပရိသတ်ဟောင်း၊ ယောဂီဟောင်းများတော့ မကြာခဏပဲ နာကြားဖူးပါတယ်။ နာဖူးထပ်မံပေါ့။ သူတစ်ပါးတွေကိုလည်း ထပ်ပြီးတော့ ဓမ္မဒါနမပြုရပါဘူးလား ... ပြုရပါတယ်ဘုရား။

**သာ ဟတ္ထ ဝိတ္တ ဗီဇာနိဝိယ ဒဋ္ဌဗ္ဗာ။**

**သာ** = ထိုသဒ္ဓါကို၊ **ဟတ္ထ ဝိတ္တ ဗီဇာနိဝိယ** = လက်နဲ့တူသည်၊ စီးပွားဥစ္စာရတနာနဲ့တူသည်၊ မျိုးစေ့ကောင်းနှင့်တူသည်ဟူ၍၊ **ဒဋ္ဌဗ္ဗာ** = မှတ်အပ်၏။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။ (အဋ္ဌသာလိနီ-ဋ္ဌ/၁၆၃)

သာဓု ... သာဓု ... သာဓုပါဘုရား။

တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ သဒ္ဓါတရားဟာ လက်နဲ့လည်းတူတယ်တဲ့၊ စီးပွားဥစ္စာရတနာနဲ့လည်းတူတယ်၊ မျိုးစေ့ကောင်းများနဲ့လည်းတူတယ်တဲ့။

www.dhammadownload.com



## သဒ္ဓါတရား လက်နှင့်တူပုံ

လက်နဲ့ဘယ်လိုတူပါသလဲ။ လက်ဟာ မိမိခန္ဓာကိုယ်အတွက် အသုံးအကျဆုံးဖြစ်သလို မိမိသန္တာန်မှာရှိနေတဲ့ ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုး ဤငါးမျိုးကို ယုံကြည်အားကိုးတဲ့သဒ္ဓါတရားဟာ အသုံးအကျဆုံးပဲ။ ဒီဘဝအတွက်၊ နောင်ဘဝအတွက်၊ နိဗ္ဗာန်ချမ်းသာရောက်သွားဖို့ရန်အတွက် အသုံးအကျဆုံးပါပဲတဲ့။ ဒီဘဝအတွက်လည်း အသုံးမကျပါဘူးလား ... အသုံးကျပါတယ်ဘုရား။

အဲ့-သဒ္ဓါတရားတည်းဟူသော လက်ရှိတဲ့ပုဂ္ဂိုလ်တွေ ဒါနလည်းပြုလုပ်လိုက်၊ သီလလည်းဆောက်တည်လိုက်၊ သမထ၊ ဝိပဿနာတရားတွေလည်း ပွားများအားထုတ်လိုက်။ ဒီဘဝအတွက်လည်းအသုံးကျ၊ နောက်နောင်ဘဝအတွက်လည်း မြင့်မြတ်ရာ မြင့်မြတ်ရာ ဘုံဘဝသို့ရောက်သွားဖို့ရာ အသုံးမကျပါဘူးလား ... အသုံးကျပါတယ်ဘုရား။ နိဗ္ဗာန်ချမ်းသာရောက်သွားဖို့ရာလည်း ဒီသဒ္ဓါတရားရှိမှ ရောက်နိုင်တယ်။ မြတ်စွာဘုရားက သဒ္ဓါတရားဟာ အကောင်းဆုံးအဖော်ပဲတဲ့။ နိဗ္ဗာန်ထိအောင်ပို့ပေးနိုင်တာ တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ အဖော်ဟာ သဒ္ဓါပဲလို့ မြတ်စွာဘုရားလည်း ချီးမွမ်းပြီးတော့ ဖွင့်ပြပါတယ်။

www.dhammadownload.com



လက်နဲ့တူတယ်။ လက်ဟာ မိမိခန္ဓာကိုယ်အတွက် အသုံးအကျဆုံးဖြစ်သလို မိမိသန္တာန်မှာရှိတဲ့ ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုး ဉာဏ်ငါးမျိုးကို ယုံကြည်အားကိုးတဲ့ သဒ္ဓါတရားဟာလည်း အသုံးအကျဆုံးပဲ။ လက်ဟာ မိမိခန္ဓာကိုယ်အတွက် အသုံးအကျဆုံး။ မသန့်ရှင်းတာတွေကိုလည်း သန့်ရှင်းသွားရအောင် ဘာနဲ့များပြုပြင်ပေးရလဲ ... လက်နဲ့ပဲပြုပြင်ပေးရပါတယ်ဘုရား။ မတင့်တယ်တာတွေကိုလည်း တင့်တယ်လာရအောင် ဘာနဲ့ပြုပြင်ပေးရလဲ ... လက်နဲ့ပဲပြုပြင်ပေးရပါတယ်ဘုရား။

သိမ်းစရာပစ္စည်းလေးတွေ သိမ်းတဲ့အခါကျတော့ ဘာနဲ့သိမ်းရပါလဲ ... လက်နဲ့ပဲသိမ်းရပါတယ်ဘုရား။ တန်ဖိုးပင်မရှိခြားသော်လည်း အသုံးကျတဲ့ပစ္စည်းလေးတွေ သိမ်းတဲ့အခါမှာလည်း လက်နဲ့ပဲသိမ်းရတယ်။ အသင့်အတင့်တန်ဖိုးရှိတဲ့ အဝတ်အထည်တွေ သိမ်းတဲ့အခါမှာလည်း လက်နဲ့ပဲသိမ်းရတယ်။ သိပ်တန်ဖိုးရှိတဲ့ ရတနာပစ္စည်းတွေ သိမ်းတဲ့အခါကျတော့လည်း ဘာနဲ့များသိမ်းရပါလဲ ... လက်နဲ့ပဲသိမ်းရပါတယ်ဘုရား။

အဲ့-သိပ်ထင်ရှားတာပဲ။ အဋ္ဌကထာဆရာတွေက သိပ်ပြီးတော့ သဘာဝကျအောင်လည်းဖွင့်ပြ၊ မြတ်စွာဘုရားအလိုကျအောင်လည်း ဖွင့်ပြတာ။ သဒ္ဓါတရားတည်းဟူသော လက်ရှိတဲ့ပုဂ္ဂိုလ်ဟာ ဒါနကုသိုလ်ကိုလည်း ရအောင်သိမ်းဆည်းတာပဲ။ ဒါန

www.dhammadownload.com



ကုသိုလ်ကောင်းမှုတွေပြုထားသဖြင့် ဒီဘဝကစပြီးတော့ နိဗ္ဗာန်ချမ်းသာရောက်သည့်ဘဝတိုင်အောင် အကျိုးငါးပါးရရှိနိုင်တယ်။ ရဟန္တာဖြစ်သည့်ဘဝတိုင်အောင် အကျိုးငါးပါးရရှိနိုင်တယ်လို့ တရားနာပရိသတ်များ ယုံမှယုံပါရဲ့လား ... ယုံပါတယ်ဘုရား။

ယုံတာကိုဘာလို့ခေါ် ... သဒ္ဓါလို့ခေါ်ပါတယ်ဘုရား။ ဘာနဲ့တူ ... လက်နဲ့တူပါတယ်ဘုရား။ ယုံတော့ ဒါနကုသိုလ်ကောင်းမှုတွေကို လက်လှမ်းမီသမျှပြုတော့တာပဲ။ ဒါနကုသိုလ်ကောင်းမှုတွေကို မိမိရဲ့နာမ်အစဉ်မှာ သဒ္ဓါတရားတည်းဟူသော လက်ဖြင့် သိမ်းသိမ်းထားတာ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။

ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းနိုင်လို့ရှိရင် ဒီဘဝမှာလည်း ဘေးရန်အန္တရာယ်တွေကင်းတယ်။ နောင်ဘဝမှာလည်း အပါယ်ငရဲမကျဘဲနဲ့ ဘေးရန်အန္တရာယ်တွေကင်းတယ်။ ဝိပဿနာတရားအားထုတ်တဲ့အခါ သမာဓိကို လျင်မြန်စွာဖြစ်စေနိုင်တယ်လို့ တရားနာပရိသတ်များ ယုံပါရဲ့လား ... ယုံပါတယ်ဘုရား။

ယုံတာကို ... သဒ္ဓါပါဘုရား။ ဘာနဲ့တူ ... လက်နဲ့တူပါတယ်ဘုရား။ အို ... ယုံတော့ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ လုံခြုံအောင်စောင့်ထိန်းတယ်။ ငါးပါးသီလကုသိုလ်တွေ "မိမိနာမ်

www.dhammadownload.com



အစဉ်မှာ သဒ္ဓါတရားတည်းဟူသောလက်ဖြင့် သိမ်းထားတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ဝိပဿနာတရားအားထုတ်သဖြင့် အမှတ်တွေပြည့်သွားတဲ့အခါ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်သွားနိုင်တယ်လို့ တရားနာပရိသတ်များ ယုံပါရဲ့လား ... ယုံပါတယ်ဘုရား။

ယုံတာကို ... သဒ္ဓါပါဘုရား။ ဘာနဲ့တူ ... လက်နဲ့တူပါတယ်ဘုရား။ ယုံတဲ့အတွက်ကြောင့် သဒ္ဓါတရားတည်းဟူသော လက်ရှိတဲ့အတွက်ကြောင့် ဝိပဿနာတရားကိုလည်း အချိန်ရသမျှ အားထုတ်နေတယ်။ ဝိပဿနာကုသိုလ်တွေကို သဒ္ဓါတရားတည်း ဟူသောလက်ဖြင့် မိမိနာမ်အစဉ်မှာ သိမ်းဆည်းထားလိုက်တာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ လက်နဲ့တူတယ် ဆိုတာ သိပ်ထင်ရှားတယ်။

**ဆောင်ပုဒ်။ ။ သဒ္ဓါတရား၊ လက်နှင့်ကား၊ မခြားတူပေသည်။**

www.dhammadownload.com



## သဒ္ဓါတရား စီးပွားဥစ္စာနှင့်တူပုံ

လက်နဲ့လည်းတူတယ်၊ စီးပွားဥစ္စာရတနာနဲ့လည်းတူတယ်။ လောကမှာ စီးပွားဥစ္စာရတနာပိုင်ရှင်တွေ ချမ်းသာအမျိုးမျိုးတွေ ဝယ်ယူသုံးဆောင်နိုင်တယ်။ ကောင်းမြတ်တဲ့ စားဖွယ်သောက်ဖွယ်တွေ ဝယ်ယူပြီးတော့ ချမ်းသာစွာ သုံးဆောင်ကြ၊ ကောင်းမြတ်တဲ့ အဝတ်အထည်တွေကို ဝယ်ယူပြီးတော့ ချမ်းသာစွာ ဝတ်ဆင်ကြ၊ ကောင်းမြတ်တဲ့ အိမ်ရာတိုက်တာတွေကို ဝယ်ယူပြီးတော့ ချမ်းသာစွာ နေထိုင်ကြ၊ မော်တော်ကား ယာဉ်ရထားတွေဆိုရင်လည်း ကောင်းမြတ်တဲ့ မော်တော်ကား ယာဉ်ရထားတွေ ဝယ်ယူပြီးတော့ ချမ်းသာစွာ စီးနင်းရ။ ရတနာပိုင်ရှင်တွေ ချမ်းသာအမျိုးမျိုးတွေ ဝယ်ယူသုံးဆောင်နိုင်သလို သဒ္ဓါတရားတည်းဟူသော ဥစ္စာရှိတဲ့ပုဂ္ဂိုလ်တွေကလည်း လူချမ်းသာတွေကိုလည်း ဝယ်ယူသကဲ့သို့ ရရှိနိုင်ပါတယ်။ နတ်ချမ်းသာတွေကိုလည်း ဝယ်ယူသကဲ့သို့ ရရှိနိုင်ပါတယ်။

ဒါနတွေပြုထားလို့၊ သီလတွေဆောက်တည်ထားလို့ လူချမ်းသာ၊ နတ်ချမ်းသာတွေကို ဝယ်ယူသကဲ့သို့ ရရှိနိုင်ပါတယ်။ ဗြဟ္မာချမ်းသာကိုလည်း ဝယ်ယူသကဲ့သို့ ရရှိနိုင်ပါတယ်။ သမထတရားကိုအားထုတ်လို့ အောင်မြင်သွားပြီဆိုရင် ဗြဟ္မာချမ်းသာကို ဝယ်ယူသကဲ့သို့ ရရှိနိုင်ပါတယ်။ နိဗ္ဗာန်ချမ်းသာကိုလည်း ဝယ်ယူ

www.dhammadownload.com



သကဲ့သို့ ရရှိနိုင်ပါတယ်။ ဝိပဿနာတရားအားထုတ်လို့ အမှတ်တွေ ပြည့်သွားတဲ့အခါ နိဗ္ဗာန်ချမ်းသာကို ဝယ်ယူသကဲ့သို့ မရရှိသွားနိုင်ပါဘူးလား ... ရသွားနိုင်ပါတယ်ဘုရား။

ဒါနဟာ စီးပွားဥစ္စာရတနာများနဲ့လည်းတူတယ်။ တရားနာပရိသတ်များရဲ့သန္တာန်မှာရှိနေတဲ့ သဒ္ဓါတရားဟာ စီးပွားဥစ္စာရတနာတွေနဲ့တူတယ်။

**ဆောင်ပုဒ်။ ။ သဒ္ဓါတရား၊ ဥစ္စာများ၊ မခြားတူပေသည်။**

သဒ္ဓါတရားဟာ စီးပွားဥစ္စာရတနာတွေနဲ့တူတယ်တဲ့။ အဋ္ဌကထာဆရာများက ချီးမွမ်းပြီးတော့ ဖွင့်ပြတယ်။

## သဒ္ဓါတရား မျိုးစေ့ကောင်းနှင့်တူပုံ

တရားနာပရိသတ်များသန္တာန်မှာရှိနေတဲ့ သဒ္ဓါတရားဟာ မျိုးစေ့ကောင်းများနဲ့လည်းတူတယ်တဲ့။ မျိုးစေ့ကောင်းများမှာ ကိစ္စ ၂-ခုရှိပါတယ်။ အောက်ကို အမြစ်ထွက်ရခြင်းကိစ္စ၊ အမြစ်ထွက်အောင်လည်း ကျေးဇူးပြုရတယ်။ အထက်ကို အညွန့်အတက်တွေထွက်စေခြင်းကိစ္စ၊ အထက်ကို အညွန့်အတက်တွေထွက်အောင်လည်း ကျေးဇူးပြုရတယ်။ အမြစ်နဲ့လည်းပြည့်စုံ၊ အညွန့်

www.dhammadownload.com



အတက်နဲ့လည်းပြည့်စုံတဲ့သစ်ပင်ဟာ အချိန်တန်အရွယ်ရောက်တဲ့အခါ ထိုက်တန်တဲ့အသီးအပွင့်တွေ သီးပွင့်လာသလို သဒ္ဓါတရားတည်းဟူသော မျိုးစေ့ရှိတဲ့ပုဂ္ဂိုလ်ဟာလည်း အမြစ်နဲ့တူတဲ့ သီလနဲ့လည်းပြည့်စုံတယ်။ သဒ္ဓါတရားတည်းဟူသော မျိုးစေ့ကနေပြီးတော့ သီလကုသိုလ်နဲ့လည်း ပြည့်စုံအောင် ကျေးဇူးပြုတယ်။

သီလဟာ အမြစ်နဲ့တူတယ်တဲ့။ သစ်ပင်ဟာ အမြစ်ကောင်းတာနဲ့အမျှ တိုးတက်ကြီးပွားတယ်၊ တိုးတက်ကြီးပွားသလိုပါပဲတဲ့။ သီလအခြေခံကောင်းတဲ့၊ သီလလုံခြုံတဲ့ပုဂ္ဂိုလ်တွေသန္တာန်မှာ ကုသိုလ်တရားတွေဟာ အမြဲတမ်းတည်သွားတယ်။ တိုးတက်ကြီးပွားလာတာပဲ။ နိဗ္ဗာန်ချမ်းသာရသည့်ဘဝတိုင်အောင် တိုးတက်ကြီးပွားလာတယ်။

သီလမရှိဘဲနဲ့ တရားတွေ ရမှရနိုင်ပါ့မလား ... မရနိုင်ပါဘုရား။ အမြစ်မကောင်းတဲ့သစ်ပင်ဟာ မကြီးပွားနိုင်သလို၊ သေကျေပျက်စီးသွားနိုင်သလို သီလမရှိလို့ရှိရင်လည်း မိမိတို့သန္တာန်မှာ ကုသိုလ်တရားတွေ အမြဲမတည်နိုင်ပါဘူး။ ဒါကြောင့် သီလဟာ အမြစ်နဲ့မတူပါဘူးလား ... တူပါတယ်ဘုရား။

အညွန့်အတက်နဲ့တူတဲ့ သမထ၊ ဝိပဿနာကုသိုလ်တွေကိုလည်း ကျေးဇူးပြုရတယ်။ သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ

www.dhammadownload.com



အညွန့်အတက်နဲ့တူတဲ့ သမထ၊ ဝိပဿနာကုသိုလ်နဲ့လည်း ပြည့်စုံတယ်။

သဒ္ဓါတရားနဲ့တူတဲ့မျိုးစေ့က ကျေးဇူးပြုလို့ အမြစ်နဲ့တူတဲ့ သီလကုသိုလ်တွေနဲ့လည်းပြည့်စုံ၊ အညွန့်အတက်နဲ့တူတဲ့ သမထ၊ ဝိပဿနာကုသိုလ်တွေနဲ့လည်း ပြည့်စုံနေတဲ့ပုဂ္ဂိုလ် ဝိပဿနာ တရားကို ဆက်လက်ပြီးတော့ အားထုတ်လိုက်တဲ့အခါ အသီး အပွင့်နဲ့တူတဲ့ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၊ မဂ်သီး၊ ဖိုလ်သီး၊ နိဗ္ဗာန်သီးကို ရရှိသွားနိုင်ပါတယ်လို့ ချီးမွမ်းပြီးတော့ ဖွင့်ပြတယ်။

## ဆောင်ပုဒ်။ ။ သဒ္ဓါတရား၊ မျိုးစေ့များ၊ မခြားတူပေသည်။

မျိုးစေ့ကောင်းနဲ့တူတယ်လို့ ချီးမွမ်းပြီးတော့ ဖွင့်ပြတာ တရားနာပရိသတ်များအတွက် သဘောကျစရာ။ သဘောကျပါရဲ့လား ... သဘောကျပါတယ်ဘုရား။

မျိုးစေ့ကောင်းရရှိထားတဲ့ပုဂ္ဂိုလ်တွေက စိုက်ပျိုးလိုက်တဲ့အခါ ထိုက်တန်တဲ့အသီးအပွင့်တွေ ရရှိလာသလို သဒ္ဓါတရား တည်းဟူသော မျိုးစေ့ရရှိထားတော့ တစ်နေ့သောအခါ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၊ မဂ်သီး၊ ဖိုလ်သီး၊ နိဗ္ဗာန်

www.dhammadownload.com



သီးတွေ ကောန်မှချရတော့မယ်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်စရာ မကောင်းပါဘူးလား ... ကောင်းပါတယ်ဘုရား။

စလသဒ္ဓါ၊ အစလသဒ္ဓါ။ စလသဒ္ဓါဆိုတာက ပုထုဇဉ် ပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာရှိနေတဲ့သဒ္ဓါ။ တုန်လှုပ်ပျက်ပြားတတ်တဲ့ သဒ္ဓါ။ အစလသဒ္ဓါဆိုတာကတော့ အရိယာပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာ ရှိနေတဲ့သဒ္ဓါ။ မတုန်လှုပ်မပျက်ပြားနိုင်တဲ့သဒ္ဓါပဲတဲ့။

## ကိုယ့်မှာ အမြဲတည်ဖို့ရာကောင်းတာ အစလသဒ္ဓါတရားဖြစ်ပုံ

အစလသဒ္ဓါဖြစ်ရအောင်တော့ ဘယ်တရားများ အားထုတ်ပြီးတော့နေကြရပါသလဲ။ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ပြီးတော့နေကြရတယ်။ ဝိပဿနာတရားတွေအားထုတ်လို့ သောတာပတ္တိမဂ်ကို ရောက်သွားတာနဲ့တစ်ပြိုင်တည်း အဲဒီသဒ္ဓါ တရားဟာ မခိုင်မြဲသွားပါဘူးလား ... ခိုင်မြဲသွားပါတယ်ဘုရား။ မပျက်စီးနိုင်တော့ဘူးတဲ့။

**သာဓု ပတိဋ္ဌိတာ** = မိမိသန္တာန်မှာ ကောင်းစွာတည် ဖို့ရာကောင်းတာ သဒ္ဓါတရားပဲ။ **ပတိဋ္ဌိတာ** = တည်တယ်ဆို တာ ဘယ်မှာတည်တာလဲ။ **စိတ္တသန္တာနေ** = စိတ်အစဉ်မှာ

www.dhammadownload.com



တည်တာကို ဆိုလိုပါတယ်တဲ့။ **လဒ္ဓပတိဋ္ဌာ** = ရအပ်သော သဒ္ဓါတရားသည်၊ **ကေနစိ** = တစ်စုံတစ်ယောက်သောသူသည်၊ **အသံဟာရိယာ** = မဖျက်ဆီးနိုင်တော့ပါဘူးတဲ့။ ခိုင်မာသွားပြီတဲ့။

အဋ္ဌကထာဆရာတွေကတော့ **သဒ္ဓါ သာဓု ပတိဋ္ဌိတာ** လို့ မြတ်စွာဘုရားဟောတဲ့နေရာမှာ **သဒ္ဓါ သာဓု ပတိဋ္ဌိတာတိ** ပတိဋ္ဌိတာဟူသည်ကား၊ **မဂ္ဂေန** = မဂ်ဖြင့်၊ **အာဂတာ** = လာသော၊ **ပတိဋ္ဌိတာ** = ကောင်းစွာတည်သော၊ **သဒ္ဓါ** = သဒ္ဓါ ပင်တည်း။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာ ဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသွေ ဖွင့်ပြတော်မူခဲ့ပါ ပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

**သဒ္ဓါ သာဓု ပတိဋ္ဌိတာ** = ကောင်းစွာတည်တယ်ဆို တာ သောတာပတ္တိမဂ်ကစပြီးတော့ မဂ်တရားတွေရသွားတဲ့ပုဂ္ဂိုလ် တွေသန္တာန်မှာ တည်ရှိလာတဲ့သဒ္ဓါဟာ **သာဓု ပတိဋ္ဌိတာ** = ကောင်းစွာတည်သွားပြီတဲ့။ သောတာပတ္တိမဂ်ရောက်သွားတာနဲ့ ဒီသဒ္ဓါတရားဟာ မခိုင်မြဲသွားပါဘူးလား ... ခိုင်မြဲသွားပါတယ် ဘုရား။ သောတာပတ္တိမဂ်ဖြစ်ပြီးတာနဲ့ သောတာပတ္တိဖိုလ်ဆိုတာ

www.dhammadownload.com



ကြားထဲမှာ စိတ်ရှိသေးလား၊ မရှိတော့ဘူးလား ... မရှိတော့ပါဘုရား။

အဘိဓမ္မာသင်တန်းတက်ထားတဲ့ ပုဂ္ဂိုလ်တွေကတော့ ဖြေနိုင်မှာပေါ့။ ကြားထဲမှာ စိတ်တစ်ခုမှမရှိတော့ဘူး။ ရှိသေးလား ... မရှိတော့ပါဘုရား။ သောတာပတ္တိမဂ်ဖြစ်ပြီးတာနဲ့ သောတာပတ္တိဖိုလ်၊ သောတာပတ္တိဖိုလ်သို့ရောက်သွားတာနဲ့ သောတာပန်ပုဂ္ဂိုလ် ချက်ချင်းမဖြစ်သွားပါဘူးလား ... ချက်ချင်းဖြစ်သွားပါတယ်ဘုရား။ ချက်ချင်းဖြစ်သွားတယ်။ သဒ္ဓါတရားဟာ ခိုင်မြဲသွားပြီတဲ့။

ဘယ်လိုအကြောင်းကြောင့်မှ မပျက်စီးနိုင်တော့ဘူး။ ဒီဘဝမှာလည်း မပျက်နိုင်တော့ဘူး။ အစလသဒ္ဓါ။ အသက်ဟူသောအကြောင်းကြောင့်လည်း ဒီသဒ္ဓါတရား မပျက်တော့ဘူး။ ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏အကျိုး ဤငါးမျိုးကို ယုံကြည်အားကိုးတဲ့သဒ္ဓါတရားဟာ ပျက်သေးလား ... မပျက်တော့ပါဘုရား။ ဘုရားမကိုးကွယ်ရဘူး၊ ကိုးကွယ်ရင် သင့်ကိုသတ်ရလိမ့်မယ် စသည်ဖြင့် ပါဠိတော်တွေ၊ အဋ္ဌကထာတွေမှာ တော်တော်များများ ဖွင့်ပြထားတာရှိပါတယ်။

www.dhammadownload.com



## အစလသဒ္ဓါဖြစ်ပုံ

တစ်ချိန်သောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုရာဇဂြိုဟ်ပြည်၌ ဘာရဒွါဇပုဏ္ဏားနှင့် ဓနဉ္စာနီပုဏ္ဏေးမ ဇနီးမောင်နှံတို့လည်း နေထိုင်ကြ၏။ ဘာရဒွါဇပုဏ္ဏားက မိစ္ဆာဒိဋ္ဌိအယူရှိ၏။ ပုဏ္ဏားတို့ကို ကိုးကွယ်၏။ ဓနဉ္စာနီပုဏ္ဏေးမသည် မြတ်စွာဘုရား၏တပည့် သောတာပန်ဖြစ်၏။

(သံ-၁/၁၆၂) (သံ-ဋ္ဌ-၁/၂၀၇) (မြန်မာ-၁/၁၆၃)

ဘာရဒွါဇပုဏ္ဏားသည် မကြာခဏ မိစ္ဆာအယူရှိသည့် ပုဏ္ဏားတို့ကို ဆွမ်းဖိတ်ကျွေးလေ့ရှိ၏။ ဓနဉ္စာနီပုဏ္ဏေးမကလည်း မကြာခဏ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဖိတ်ကျွေးလေ့ရှိ၏။ ဘာရဒွါဇပုဏ္ဏား ဆွမ်းကျွေးသောအခါ ပုဏ္ဏေးမသည် ပုဏ္ဏားများနှင့်သင့်လျော်သော အစားအစာတို့ကို ကိုယ်တိုင်စီမံ၍ ကျွေးပေးလေ၏။ ဓနဉ္စာနီပုဏ္ဏေးမ ဆွမ်းကျွေးသောနေ့ကျလျှင် ပုဏ္ဏားသည် စောစောကပင် အိမ်မှ ထွက်ပြေးသွားလေ၏။ ဘုရား၊ တရား၊ သံဃာလို့ကြားလျှင် နားကို ပိတ်ပိတ်ထားသည်။ ဤမျှဆန့်ကျင်သူနှစ်ဦးတို့ အိမ်ထောင်ဖက် ဖြစ်နေကြ၏။

www.dhammadownload.com



ဘစ်နေ့သောအခါ ဘာရဒွါဇပုဏ္ဏားသည် သူ၏ဆရာပုဏ္ဏား(၅၀၀)ကို သူ့အိမ်သို့ ဆွမ်းစားကြွဖို့ရာ ပင့်ဖိတ်ခဲ့ပြီးလျှင် ပုဏ္ဏေးမကြီးထံလာ၍ ပြောကြားလေ၏။ ပုဏ္ဏေးမကြီးက "ဘာများကူညီ၍ လုပ်ပေးရမလဲ"ဟု ပြောသောအခါ "ဘာမျှကူညီဖို့ရာ မလိုအပ်ပါဘူး၊ ကူညီ၍လုပ်ပေးမည့်သူတွေ အများကြီးရှိပါတယ်။ သင့်ကို တစ်ခုတော့မှာထားချင်တယ်။ သင်က အကြောင်းရှိလျှင် ဘုရားတတနေတတ်တယ်။ ချေရင်လည်း ဘုရားတတယ်၊ သန်းရင်လည်း ဘုရားတတယ်၊ အဲဒီလို မတမိပါစေနဲ့"ဟု မှာထားလေ၏။

"သင်အကယ်၍ ဘုရားတလိုက်လျှင် အကျွန်ုပ်နှင့်ကျွန်ုပ်၏ပုဏ္ဏားတွေ စိတ်ဝမ်းကွဲ၊ အိုးစားကွဲသွားကြလိမ့်မည်"ဟု ပြောပြန်လေ၏။ ပုဏ္ဏေးမကြီးက ပြန်ပြောသည်မှာ "သင်နှင့်ပုဏ္ဏားတွေ စိတ်ဝမ်းကွဲ၊ အိုးစားကွဲချင်ကွဲ၊ မကွဲချင်နေ အကျွန်ုပ်ကတော့ အကြောင်းရှိလျှင် ဘုရားတမိမှာပဲ"ဟု ပြောလေ၏။

ပုဏ္ဏားကြီးက ပြန်ပြောသည်မှာ "အိမ်(၁၀၀)ရှိသည့်ရွာ၌ ရွာ၏တံခါးကို ရေးဦးစွာ ပိတ်ထားလျှင် လုံနိုင်တယ်၊ ပုဏ္ဏားတွေ ဆွမ်းစားနေတဲ့အခိုက် သင့်ပါးစပ်ကို လက်နှစ်လုံးဖြင့် ပိတ်ထားလိုက်လျှင် လုံနိုင်ပါလျက် သင်ဤမျှလောက်ပင် မစွမ်းနိုင်

www.dhammadownload.com



ဘူးလား၊ သည်းမခံနိုင်ဘူးလား”ဟု ပုဏ္ဏားကြီးကပြောသော်လည်း “အကျွန်ုပ် ဘုရားမတဘဲတော့မနေနိုင်”ဟု ပြန်ပြောလေ၏။

ပုဏ္ဏားကြီးသည် စိတ်အလွန်ဆိုးလာ၍ ခေါင်းရင်းမှာ ထားသည့် သန်လျက်ဓားကြီးကို သွားယူလာပြီးလျှင် “ဟောဒီမှာ သန်လျက်ဓားကိုကြည့်၊ နက်ဖြန်ခါ ပုဏ္ဏားတွေရောက်လာ၍ ထိုင်ကြသောအခါ သင်ဘုရားတလျှင် ဟောဒီသန်လျက်ဓားဖြင့် ခြေထောက်ကစပြီး ခေါင်းတိုင်အောင် နုပ်နုပ်ပါအောင်စဉ်းပစ် လိုက်မည်”ဟု ကြိမ်းမောင်းပြောဆိုလေ၏။

ပုဏ္ဏေးမကြီးက ပြန်ပြောသည်မှာ “အကျွန်ုပ်သည် မြတ်စွာဘုရား၏ သမီးတော်စစ်ဖြစ်သည်။ သင်သည် အကျွန်ုပ် ကို ခေါင်းဖြတ်ချင်လည်း ဖြတ်လိုက်ပါ၊ နုပ်နုပ်ပါအောင်စဉ်း၍ သတ်ချင်လည်း သတ်လိုက်ပါ”ဟု နည်းနည်းမျှ မထိတ်လန့်ဘဲ ပြန်ပြောလေ၏။ ဓနဉ္စာနီပုဏ္ဏေးမ၏သဒ္ဓါသည် အသက်နှင့်လဲ၍ ဘုရား၊ တရား၊ သံဃာကို ယုံကြည်သော အစလသဒ္ဓါပင် ဖြစ် ပေသည်။

**ဆောင်ပုဒ်။ ။ အသက်နှင့်လဲကာ၊ ယုံကြည်တာ၊ မှန်စွာအစလမည်။**

www.dhammadownload.com



ပုဏ္ဏားကြီးပင့်ဖိတ်ထားသည့်အတိုင်း နောက်တစ်နေ့တွင် ပုဏ္ဏား(၅၀၀)တို့ အိမ်သို့ရောက်ရှိလာပြီး စားဖွယ်သောက်ဖွယ်များ စားသောက်နေကြရာတွင် ဓနဉ္စာနီပုဏ္ဏေးမကြီးက ကူညီ၍ ကျွေးမွေးရာ၌ သစ်သားခုံတစ်ခုနှင့်တိုက်မိရာ နာကျင်သွား၍ မြတ်စွာဘုရားကို သတိရလာသောကြောင့် မြတ်စွာဘုရားရှိတော်မူရာ ဝေဠုဝန်ကျောင်းဘက်သို့လှည့်၍ လက်အုပ်ချီကာ **"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"** ဟူ၍ ၃-ကြိမ် ရွတ်ဆိုလိုက်လေ၏။

ပုဏ္ဏေးမကြီး၏ ထိုဘုရားတသောအသံကို ဧည့်သည်ပုဏ္ဏားများ ကြားသွားသောအခါ စားနေဆဲပုဏ္ဏားတို့လည်း မစားတော့ပါဘဲ ထသွားကြလေကုန်၏။ မစားရသေးတဲ့ပုဏ္ဏားတို့လည်း မစားတော့ဘဲ ထ၍ပြန်သွားကြကုန်၏။ လေးပြလိုက်သောအခါ ကျီးငှက်များ အမြန်ပျံ၍သွားကြသကဲ့သို့ ဧည့်သည်ပုဏ္ဏားများ အမြန်ထ၍ ပြန်သွားကြကုန်၏။

ထိုအခါ အိမ်ရှင်ပုဏ္ဏားကြီးသည် ဧည့်သည်ပုဏ္ဏားတို့ အမြန်ထ၍ ပြန်သွားကြတာကို မြင်ရသောအခါ ပုဏ္ဏေးမကြီးထံသွားကာ ပုဏ္ဏေးမကြီး၏ခေါင်းမှစ၍ မကျေနပ်သောမျက်စိဖြင့် ကြည့်ပြီး ဤသို့ပြောလေ၏။ "မနေ့ကတည်းကပင် ဤလိုဖြစ်မှာကိုမြင်၍ တောင်းပန်ခဲ့ပါသော်လည်း မရပေဘူး"ဟုဆိုကာ

www.dhammadownload.com



ပုဏ္ဏေးမကြီးကို အကြိမ်ကြိမ် ဆဲဆိုကြိမ်းမောင်းလေ၏။ “သင့်ကို တော့ ပြောလို့မရတော့ပေ၊ သင့်ရဲ့ဆရာ ဘုရားဂေါတမကို ဝါဒ ဖြင့် သွား၍နှိမ်ချိုးမည်”ဟု ပြောလေ၏။ ပုဏ္ဏေးမကြီးက “မြတ်စွာ ဘုရားထံ သွားသာသွားပါ”ဟု တိုက်တွန်းလေ၏။

ဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားထံ ရောက်သွား သောအခါ မြတ်စွာဘုရား၏ ပါရမီဘုန်းကံတို့ကို တွေ့မြင်ရသော ကြောင့် ဝါဒဖြင့်တော့ မနှိမ်ချိုးရဲပါဘဲ သူသိလိုသော မေးခွန်း ပုစ္ဆာများကို မေးလေ၏။ ပုဏ္ဏားကြီးသည် သူသိချင်တာထက် ပိုရှင်းအောင် မြတ်စွာဘုရား ဖြေကြားတော်မူလိုက်သည်ကို အလွန် သဘောကျသွားပေသည်။

ထို့နောက် ပုဏ္ဏားကြီးသည် မြတ်စွာဘုရားကို လျှောက် ထားလေ၏။ “မြတ်စွာဘုရား၏ စကားတော်၊ တရားတော်တို့သည် အလွန်ပင် နှစ်သက်ဖွယ်ကောင်းလှပါပေ၏။ မှောက်ထားသော အိုးကို လှန်ပြလိုက်သလို၊ ဖုံးနေသောအရာဝတ္ထုကို ဖွင့်ပြလိုက် သလို၊ မှောင်မိုက်နေရာ၌ မီးထွန်းပြလိုက်သလို စသည်ဖြင့် လျှောက်ထားလေ၏။ ဘုရား၊ တရား၊ သံဃာတို့ကိုလည်း ကိုး ကွယ်ဆည်းကပ်ပါ၏။ မြတ်စွာဘုရားထံမှာ ရှင်ရဟန်းလည်း ပြုလိုပါ၏”ဟု လျှောက်ထားလေ၏။

www.dhammadownload.com



ဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားထံမှ ရဟန်းပြုခွင့် ရ၍ ရဟန်းပြုလိုက်လေ၏။ ရဟန်းပြုပြီးသောအခါ မြတ်စွာဘုရား မိန့်ကြားသည့်အတိုင်း နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ် ရှိသည် ဖြစ်၍ မမေ့လျော့သောသတိ၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လဝီရိယတို့ဖြင့် အားထုတ်လိုက်ရာ မကြာမီပင် ဘာရဒွါဇ ပုဏ္ဏား ရဟန္တာဖြစ်သွားလေ၏။ ဓနဉ္ဇာနီပုဏ္ဏေးမကြီး၏ အစလ သဒ္ဓါကြောင့် ဘာရဒွါဇပုဏ္ဏားကြီး ရဟန္တာဖြစ်သွားသည်ဟု ဆိုရ ပေသည်။

(သံ-၄-၁/၂၀၇)

**ဆောင်ပုဒ်။ ။ အစလသဒ္ဓါ၊ သာသနာ၊**
**မှန်စွာကျိုးများသည်။**

သဒ္ဓါတရားအကြောင်းဟောတာလည်း အသင့်အတင့် ပြည့်စုံသွားပါပြီ။

## (၃) နှစ်သက်စရာအကောင်းဆုံးဟာ ဉာဏ်ပညာ

**နရာနံ** = လူတို့တွင်၊ **ရတနံ** = နှစ်သက်စရာအကောင်း ဆုံးရတနာသည်၊ **ပညာ** = အသိအလိမ္မာ ဉာဏ်ပညာပင်တည်း။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** =

www.dhammadownload.com



ကရုဏာရေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

လူတွေမှာ နှစ်သက်စရာအကောင်းဆုံးရတနာဆိုတာ အသိအလိမ္မာ ဉာဏ်ပညာပဲ။ ရတနာအမျိုးမျိုးတွေ ဝတ်ဆင်ကြတယ်။ ဘာကြောင့် ရတနာလို့ခေါ်တာလဲ။ နှစ်သက်စရာကောင်းလို့ ရတနာလို့ခေါ်တယ်။ မိမိကိုလည်း နှစ်သက်စေတယ်။ သူတစ်ပါးတွေကိုလည်း နှစ်သက်စေတယ်။

ရတနာဝတ်တဲ့ပုဂ္ဂိုလ်တွေ ရတနာလေးတွေဝတ်ထားတော့ သူ့ကိုယ်သူလည်း သဘောတွေကျနေတယ်။ စိန် ရွှေတွေ၊ ကျောက်သံပတ္တမြားတွေ ငယ်ရွယ်တဲ့ပုဂ္ဂိုလ်တွေမှာ ဝတ်ကြ၊ ဆင်ကြ။ သူ့ကိုလည်း စိတ်ကိုကြည်လင်စေတယ်။ တစ်ပါးသော မြင်ရတဲ့ပုဂ္ဂိုလ်တွေကိုလည်း စိတ်ကိုကြည်လင်စေတယ်။ ဩော်-သူဝတ်ထားလိုက်တာ နေရာကျလိုက်တာ ရတနာပဲ။

အဲဒီရတနာတွေကတော့ ရတနာအစစ်တော့မဟုတ်ဘူး။ ပညာသည်သာလျှင် နှစ်သက်စရာအကောင်းဆုံးရတနာလို့ မြတ်စွာဘုရား ဟောကြားပါတယ်။

www.dhammadownload.com



**ဒုလ္လဘာပါတု ဘာဝဌေနှ** = ရခဲခြင်းထင်ရှားဖြစ်တတ်သောအနက်ကြောင့်၊ **ပညာ** = ပညာကို၊ **ရတနန္တိ** = ရတနာဟူ၍၊ **ဝုတ္တံ** = ဆိုအပ်၏။

အလွန်လည်းရခဲတဲ့၊ အလွန်နှစ်သက်စရာကောင်းတဲ့အတွက်ကြောင့် ပညာကို ရတနာလို့ မြတ်စွာဘုရား ဟောကြားတာပါပဲလို့ အဋ္ဌကထာဆရာများ ဖွင့်ပြတယ်။ လောကီပညာ၊ လောကုတ္တရာဘက်ဆိုင်ရာ ဓမ္မပညာလို့ ဒီလိုလည်းရှိတာကိုး။ လောကီပညာတတ်မြောက်ရင်ပဲ နှစ်သက်စရာပဲ။ လောကီပညာတတ်မြောက်တဲ့ပုဂ္ဂိုလ်တွေကို ခင်မင်ကြ၊ မြတ်နိုးကြတယ်။ ပညာတွေ သိပ်တော်တဲ့ပုဂ္ဂိုလ်တွေ မခင်ကြပါဘူးလား ... ခင်ကြပါတယ်ဘုရား။ ဆရာ၊ ဆရာမတွေက ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ်တွေကို အထူးအားပေးတာပဲ။ အို-သူ့ကိုတော့ အထူးကြောင့်ကြစိုက်တယ်။ မနှစ်သက်ပါဘူးလား ... နှစ်သက်ပါတယ်ဘုရား။ လူကိုနှစ်သက်တာလား၊ ပညာကိုနှစ်သက်တာလား ... ပညာကိုနှစ်သက်တာပါဘုရား။

ပညာကိုနှစ်သက်တော့ လူပါရောပြီး လိုက်နှစ်သက်တာကိုး။ ပညာကိုနှစ်သက်ရင်းနဲ့ လူကိုလည်း ရောပြီးတော့ မနှစ်သက်နေပါဘူးလား ... နှစ်သက်နေပါတယ်ဘုရား။ ဌာနျူပစာတဲ့၊ ဌာနီဖြစ်တဲ့ ပညာရဲ့အမည်ကို ဌာနဖြစ်တဲ့လူမှာတင်စားပြီးတော့

www.dhammadownload.com



ပညာရှိကလေးပဲ။ ဉာဏ်သိပ်ကောင်းတယ်၊ စာသိပ်တော်တယ် မထင်ကြပါဘူးလား ... ထင်ကြပါတယ်ဘုရား။ မနှစ်သက်ကြပါဘူးလား ... နှစ်သက်ကြပါတယ်ဘုရား။ နှစ်သက်ကြတယ်။

လောကီပညာကိုပဲ ယခုလောက် နှစ်သက်ရင်တော့ လောကုတ္တရာဘက်ဆိုင်ရာပညာပေါ့လေ။ ကမ္မဿကတာပညာ၊ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာတွေ ဖြစ်လာရင်တော့ ပိုပြီးတော့ နှစ်သက်စရာကောင်းပါတယ်တဲ့။ ကမ္မဿကတာ ပညာရှိရင်ပဲ တော်တော်နေရာကျပြီ။

ကမ္မဿကတာပညာဆိုတာ ကောင်းတဲ့အမှုတွေပြုလို့ရှိရင် ကောင်းတဲ့ကုသိုလ်ကံတွေဖြစ်ပြီးတော့ ကောင်းကျိုးတွေ ခံစားရတယ်။ ဝိပဿနာတရားအားထုတ်လို့ရှိရင် နိဗ္ဗာန်ချမ်းသာ တိုင်အောင် ကောင်းကျိုးတွေခံစားရတယ်လို့ ယုံကြည်ခြင်းရှေ့ သွားရှိတဲ့ အသိဉာဏ်ကို ကမ္မဿကတာပညာ။ မကောင်းတဲ့ ဒုစရိုက်အမှုတွေကိုပြုရင် မကောင်းတဲ့အကုသိုလ်ကံတွေဖြစ်ပြီး တော့ မကောင်းတဲ့အပြစ်ဒဏ်တွေ ဒီဘဝမှာလည်း ခံစားရတယ်။ နောက်နောင်ဘဝတွေမှာလည်း အပါယ်ရောက်ကျပြီးတော့ မကောင်း တဲ့အပြစ်ဒဏ်အမျိုးမျိုးတွေကိုခံရတယ်လို့ တရားနာပရိသတ်များ ယုံပါရဲ့လား ... ယုံပါတယ်ဘုရား။ ယုံကြည်ခြင်းရှေ့သွားရှိတဲ့ ဉာဏ်ကို၊ ပညာကို ကမ္မဿကတာပညာတဲ့။

www.dhammadownload.com



ကမ္မဿကတာပညာရှိရင်ပဲ ဝိပဿနာတရား အားထုတ်လို့ရပြီ။ အဲဒီကမ္မဿကတာပညာဆိုတာကတော့တဲ့ သာသနာပအခါမှာလည်းရှိတယ်။ သာသနာတွင်းအခါမှာလည်းရှိတယ်။ သာသနာတွင်းအခါမှာလည်း မရှိပါဘူးလား ... ရှိပါတယ်ဘုရား။ သာသနာပအခါမှာလည်းရှိတယ်။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်လို့ ယုံကြည်ခြင်းရှေ့သွားရှိတဲ့အသိဉာဏ်ကို ကမ္မဿကတာပညာ။ အဲဒီပညာရှိလို့ရှိရင် ဝိပဿနာတရားအားထုတ်လို့ရပြီ။

ကောင်းတာပြုရင် ကောင်းကျိုးရတယ်၊ ကောင်းတဲ့ကုသိုလ်ကံတွေဖြစ်လို့ ကောင်းကျိုးတွေခံစားရတယ်။ ဒီဘဝ၊ နောင်ဘဝ၊ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင်။ မကောင်းတဲ့ဒုစရိုက်အကုသိုလ်ကံတွေကို ပြုမယ်ဆိုရင် ဒီဘဝမှာလည်း မကောင်းတဲ့အပြစ်ဒဏ်တွေခံကြရတယ်။ နောက်နောင်ဘဝတွေမှာလည်း အပါယ်ငရဲကျပြီးတော့ ဒုက္ခအမျိုးမျိုးတွေခံကြရတယ်လို့ ယုံကြည်ခြင်းရှေ့သွားရှိတဲ့အသိဉာဏ်။ ဝိပဿနာတရားအားထုတ်လို့ အမှတ်တွေ ပြည့်စုံသွားတဲ့အခါ ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို အာရုံပြုသောအားဖြင့်ရောက်သွားနိုင်တယ်လို့ယုံတာကို ဘာပညာ။ ကမ္မဿကတာပညာတဲ့။

www.dhammadownload.com



ယုံတော့ အားမထုတ်ပါဘူးလား ... အားထုတ်ပါတယ်ဘုရား။ နှစ်သက်စရာမကောင်းပါဘူးလား ... နှစ်သက်စရာကောင်းပါတယ်ဘုရား။ အဲဒီကမ္မဿကတာပညာထက်ကို ဝိပဿနာပညာက ပိုပြီးတော့ နှစ်သက်စရာကောင်းပါတယ်တဲ့။ ဝိပဿနာတရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ ဉာဏ်စဉ်တော်တော်မြင့်သွားတော့ ကိုယ်ကိုယ်တိုင်လည်း နှစ်သက်ကျေနပ်နေတယ်။ အို-အားထုတ်နေရတာ ဘယ်လိုချမ်းသာမှန်းမသိဘူး၊ ဒီလိုလေးပဲ နေချင်ပါတယ်ဘုရား။ မနှစ်သက်ပါဘူးလား ... နှစ်သက်ပါတယ်ဘုရား။ အိမ်တောင် မပြန်ချင်တော့ဘူးဘုရားတဲ့။ အို-နေရာကျလိုက်တာ။

အို-ငယ်သေးတယ်၊ ပြန်တော့ပြန်ဦးမှတော်မယ်ထင်တယ်လို့ ပြန်ပြီးတိုက်တွန်းပေးရတယ်။ မပြန်ချင်တော့ဘူးဘုရားတဲ့။ မနှစ်သက်နေပါဘူးလား ... နှစ်သက်နေပါတယ်ဘုရား။ သဘောတွေကျနေလိုက်တာ။

**သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။**
**အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။**

**သုညာဂါရံ** = ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့၊ **ပဝိဋ္ဌဿ** = ဝင်လျက်၊ **သန္တစိတ္တဿ** = ငြိမ်သက်သောစိတ်ရှိသည်ဖြစ်၍၊ **သမ္မာ** = ကောင်းစွာ၊ **ဓမ္မံ** = ရုပ်တရား နာမ်တရားတို့၏

www.dhammadownload.com



ဖြစ်ခြင်းပျက်ခြင်းသဘောကို၊ **ဝိပဿတော** = ဝိပဿနာရှုသော၊ **ဘိက္ခုနော** = ဘေးကိုရှုတတ်ယောဂီမြတ်အား၊ **အမာနုသီ** = လူသာမန် နတ်သာမန်တို့ မခံစားမတွေ့သိနိုင်သော၊ **ရတိ** = ဝိပဿနာပီတိသုခတို့ဖြင့် ပျော်မွေ့ခြင်းသည်၊ **ဟောတိ** = ဖြစ်၏။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေတဲ့ယောဂီပုဂ္ဂိုလ် ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့ ချဉ်းကပ်ပြီးတော့ ရုပ်တရား၊ နာမ်တရားတွေရဲ့ ဖြစ်ခြင်းပျက်ခြင်းသဘောတွေ ရှုမှတ်ပြီးတော့နေလိုက်တာ၊ ဝိပဿနာပီတိသုခတွေဖြစ်လာလို့ အဲဒီဝိပဿနာချမ်းသာတွေဖြင့် ပျော်မွေ့နေရတာ လူသာမန်မဆိုထားနဲ့ နတ်သာမန်တွေတောင်မှ မပျော်မွေ့နိုင်ဘူး။ မပျော်မွေ့နေပါဘူးလား ... ပျော်မွေ့နေပါတယ်ဘုရား။ ပျော်မွေ့နေတယ်။ သူကိုယ်တိုင်လည်း နှစ်သက်နေတယ်။

အဲဒီအဆင့်လောက်ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်ကို မြင်ရတဲ့ပုဂ္ဂိုလ်တွေက အို-ကြည်ညိုစရာလေးပါလား။ အမှတ်ကလေးနဲ့သွားလို့၊ အမှတ်ကလေးနဲ့ရပ်လို့၊ အမှတ်ကလေးနဲ့ထိုင်လို့။

www.dhammadownload.com



ကြည်ညိုစရာမကောင်းပါဘူးလား ... ကြည်ညိုစရာကောင်းပါတယ်ဘုရား။ သိပ်ကြည်ညိုစရာကောင်းတာပဲ။ အမှတ်ကလည်းကပ်နေတာကိုး။ ကြည်ညိုစရာလေးပဲ။

သူတစ်ပါးတွေကလည်း ကြည်ညိုတော့ ရတနာလား၊ အရတနာလား ... ရတနာပါဘုရား။ ရတနာလေးပဲ။ ရိပ်သာမှာ ရတနာလေး နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ တွေ့တဲ့ပုဂ္ဂိုလ်တိုင်းကလည်းကြည်ညို။ အမှတ်ကလေးနဲ့သွား၊ အမှတ်ကလေးနဲ့နေ၊ အမှတ်ကလေးနဲ့ စားတာတွေ့တော့ နှစ်သက်စရာမကောင်းပါဘူးလား ... နှစ်သက်စရာကောင်းပါတယ်ဘုရား။

ပညာ နရာန် ရတနံဆိုတာ သိပ်ထင်ရှားတာပဲ။ သိပ်ကြည်ညိုကြတာပဲ။ ယောဂီကိုမြင်တော့ လှူလိုက်ကြတာ။ ဒီရိပ်သာမှာ ဆွမ်းကျွေးတွေက မပြတ်လပ်အောင်ပဲ။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း။ ကြည်ညိုလို့လား၊ မုန်းနေလို့လား ... ကြည်ညိုလို့ပါဘုရား။ အဲ့-ထင်ရှားလိုက်တာ။ ရတနာဆိုတာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ပြောင်းပြန်ကတော့ အမှတ်တွေသိပ်ကျဲနေရင်တော့ ကြည်မှုကြည်ညိုပါ့မလား ... မကြည်ညိုပါဘုရား။ အဲ့-ယောဂီကြီး

www.dhammadownload.com



ကလည်း ဘယ့်နှယ်ယောဂီကြီးလဲ၊ သာမန်လူကြီးတစ်ယောက် လိုပါပဲလား။ ဟိုကြည့်ဒီကြည့်နဲ့၊ အမှတ်တရားလည်းမပါ။ နေရာ မှကျပါ့မလား ... နေရာမကျပါဘုရား။ ဘာပညာပျက်နေလို့လဲ ... ဝိပဿနာပညာပျက်နေလို့ပါဘုရား။ ပညာပျက်ရင် မကြည် ညိုတော့ဘူးဆိုတာ ထင်ရှားလိုက်တာ။ ဝိပဿနာမှာတော့ သိပ် ထင်ရှားတယ်။

အမှတ်ကလေးနဲ့ သိမ်သိမ်မွေ့မွေ့ထိုင်လို့၊ သိမ်သိမ်မွေ့ မွေ့ရပ်လို့၊ သွားလို့၊ စားလို့၊ မှီဝဲလို့။ မြင်ရတဲ့ပုဂ္ဂိုလ်တွေ မကြည် ညိုတဲ့ပုဂ္ဂိုလ်ရယ်လို့ မရှိသလောက်ပါပဲ။ ကြည်ညိုနေတယ်။ ဆရာ တော်တို့ကတော့ အဲဒါကို အထူးပဲအားပေး၊ အထူးပဲကြည်ညိုပါ တယ်။ အို-တော်လိုက်တာ၊ အမှတ်ကလေးစိပ်တဲ့ ယောဂီပုဂ္ဂိုလ် ကိုတွေ့ရတော့ နောက်က ရောက်ရောက်လာတဲ့ ယောဂီအသစ် လေးများ အတုမလိုက်ပါဘူးလား ... အတုလိုက်ပါတယ်ဘုရား။

ဩော်-ဒို့လည်း ဒီလိုဖြစ်အောင်မှတ်မှတော်မယ်၊ ဒီလို မှတ်မှပဲ ကောင်းမယ်ထင်တယ်။ အမှတ်စိပ်တဲ့ယောဂီများရင် အမှတ်က စိပ်တဲ့ဘက်ကိုများသွားတာပါပဲ။ အမှတ်ကျဲတဲ့ယောဂီ များရင်လည်း အမှတ်တွေ အကုန်လုံးမကျဲသွားတတ်ပါဘူးလား ... ကျဲသွားတတ်ပါတယ်ဘုရား။ ရှေ့ကယောဂီကလည်း ကျဲကျဲ ကြီး၊ နောက်ယောဂီကလည်း ဒို့လည်း ဒီလိုနေလို့ရတာပဲလို့

www.dhammadownload.com



အမှတ်ကွဲကွဲကြီးနဲ့နေရင် ဒီရိပ်သာ ကြည်ညိုစရာကောင်းပါတော့မလား ... မကောင်းတော့ပါဘုရား။

အို-သိပ်သဘောပေါက်နေတာကိုး။ သဘောပေါက်တဲ့အတိုင်း ကျင့်ဖို့ပဲလိုအပ်တော့တယ်။ ပညာဆိုတာ ရတနာပဲ။ ဒါဝိပဿနာပညာပဲရှိသေးတယ်တဲ့။ မဂ်ပညာရောက်သွားပြီဆိုရင်တော့ အထူးကြည်ညိုစရာကောင်းတယ်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေရော ဘယ်တော့မှ အပါယ်ကျလောက်သည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေ မဖြစ်တော့ပါဘူးတဲ့။ ဖြစ်သေးလား ... မဖြစ်တော့ပါဘုရား။

အထူးကြည်ညိုစရာ။ မိမိကိုယ်လည်း မိမိပြန်ကြည်ညို။ ဩော်-မိမိစိတ်တွေဟာ သန့်ရှင်းသွားပြီ။ အပါယ်ကျနိုင်လောက်တဲ့ စိတ်အမူအရာတွေ မရှိတော့ဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်မကြည်ညိုပါဘူးလား ... ပြန်ကြည်ညိုပါတယ်ဘုရား။ သူတစ်ပါးတွေကလည်း မြင်တာနဲ့သိတယ်။ ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ တရားတော့ရှိနေပြီ။ မကြည်ညိုပါဘူးလား ... ကြည်ညိုပါတယ်ဘုရား။

သောတာပတ္တိမဂ်ကို ရောက်သွားတာနဲ့တစ်ပြိုင်နက်တည်း အကျိုး(၇)ပါးလည်း ရရှိသွားပြီ။ ကြည်ညိုစရာအကျိုး(၇)ပါး ကိုယ်တိုင်ပဲသိသွားပါတယ်။ ဒီမှာလည်း အဋ္ဌကထာဆရာများ၊

www.dhammadownload.com



ဋီကာဆရာများက နှစ်သက်စရာအကောင်းဆုံးရတနာဆိုတာ မဂ်ပညာပဲလို့ ဖွင့်ပြကြပါတယ်။

**အရိယမဂ္ဂ ပညာယေ၀ ဣစ္ဆ အဓိပ္ပေတာတိ။**

**ဣစ္ဆ** = ဤနေရာ၌၊ ပညာရတနံပဟူသော ဤနေရာ၌၊ **အရိယမဂ္ဂ ပညာယေ၀** = အရိယာမဂ်၌ဖြစ်သော ပညာကိုသာလျှင်၊ **အဓိပ္ပေတာ** = အလိုရှိအပ်၏။ **ဣတိ** = ဤသို့၊ **ဋီကာစရိယော** = ဋီကာဆရာသည်၊ **သံ၀ဏ္ဏေတိ** = ကောင်းစွာမသွေဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

**ပညာ နရာနံ ရတနံ။** လူတွေမှာ နှစ်သက်စရာအကောင်းဆုံးရတနာဆိုတာ ဒီမှာဆိုလိုရင်းကတော့ အရိယာမဂ်ပညာကိုပဲ ဆိုလိုပါတယ်။ သောတာပတ္တိမဂ်ပညာကို ရလိုက်တာနဲ့တစ်ပြိုင်နက်တည်း အကျိုးဘယ်နှမျိုးရသွားပြီ ... (၇)မျိုးရသွားပါပြီဘုရား။ မိမိကိုယ်ကိုလည်း မိမိပြန်ကြည်ညို၊ တစ်ပါးသောမြင်ရတဲ့ပုဂ္ဂိုလ်တွေကလည်း မကြည်ညိုပါဘူးလား ... ကြည်ညိုပါတယ်ဘုရား။

www.dhammadownload.com



အဲဒီဆောင်ပုဒ်ကလေးတွေ မှတ်သားဖွယ်ကောင်းလို့ ပြန်ဆိုကြရအောင်။

**ဆောင်ပုဒ်။ ။ ပါယ်ကျစေရာ၊ ကိလေသာ၊ မှန်စွာဖောက်ခွဲသည်။**

သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သွားတာနဲ့တစ်ပြိုင်နက် အပါယ်ကိုကျစေနိုင်တဲ့ ကိလေသာတွေကို အကုန်လုံး ဖောက်ခွဲဖျက်ဆီးပစ်လိုက်ပြီ။ ဒီအကျိုးကိုလည်း ရလိုက်ပြီလို့ ကိုယ်တိုင်ပဲ သိနိုင်ပါတယ်။

**ဆောင်ပုဒ်။ ။ သံသရာရေယဉ်၊ သမုဒ္ဒရာပင်၊ အစဉ်ခြောက်စေသည်။**

သံသရာထဲမှာကျင်လည်ရတဲ့ ဝဋ်ဒုက္ခတွေဟာ မဟာသမုဒ္ဒရာမှာရှိတဲ့ ရေတွေထက်တောင်များနေပြီလို့၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကွယ်လွန်လို့ ငိုခဲ့ရတဲ့မျက်ရည်တွေဟာ မဟာသမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေထက်တောင်များနေပြီလို့ မြတ်စွာဘုရား မကြာခဏ ဟောကြားတယ်။ အဲဒီသမုဒ္ဒရာရေယဉ်တွေလည်း ခန်းခြောက်သွားပြီ။

www.dhammadownload.com



သောတာပတ္တိမဂ်ဉာဏ်ကို ရရှိလိုက်တာနဲ့တစ်ပြိုင်နက် တည်း (၇)ဘဝသာခံရတော့မယ်။ မခန်းခြောက်သွားပါဘူးလား ... ခန်းခြောက်သွားပါတယ်ဘုရား။ ခန်းခြောက်သွားပြီ။ (၇)ဘဝပဲ ကျန်တော့တယ်။ နခသိခသုတ္တန်မှာ မြတ်စွာဘုရား ဟောကြား တယ်။ မြတ်စွာဘုရားရဲ့လက်သည်းပေါ်မှာ မြေမှုန့်ကလေးတင် ပြီးတော့ ရဟန်းတော်တွေကို မိန့်ကြားတယ်။

"ချစ်သားရဟန်းတို့ ... ငါဘုရားလက်သည်းပေါ်မှာ တင်ထားတဲ့မြေမှုန့်ကို မြင်ကြရဲ့လား။" "မြင်ကြပါတယ်ဘုရား။" "ငါဘုရားလက်သည်းပေါ်မှာတင်ထားတဲ့မြေမှုန့်နဲ့ မဟာပထဝီ မြေကြီးမှာရှိတဲ့မြေမှုန့် ဘယ်မြေမှုန့်တွေက ပိုပြီးတော့များနေ သလဲ"လို့ မြတ်စွာဘုရား သိတော်မူရဲ့သားနဲ့မိန့်ကြားတယ်။

မိန့်ကြားလိုက်တဲ့အခါ ရဟန်းတော်များက "မြတ်စွာ ဘုရား ... မြတ်စွာဘုရားလက်သည်းပေါ်မှာတင်ထားတဲ့ မြေမှုန့် လေးသည် မဟာပထဝီမြေကြီးမှာရှိတဲ့ မြေမှုန့်တွေကို ထောက် ထားလိုက်မယ်ဆိုရင် အရေအတွက်ထဲတောင် ထည့်လို့မရပါ ဘုရား။ အလွန်နည်းပါးပါတယ်ဘုရား။ မဟာပထဝီမြေကြီးမှာရှိ တဲ့ မြေမှုန့်တွေဟာ အလွန်များပြားပါတယ်ဘုရား"ဟု လျှောက် ထားတဲ့အခါ မြတ်စွာဘုရား ပြန်ပြီးတော့ မိန့်ကြားတယ်။

www.dhammadownload.com



"ချစ်သားရဟန်းတို့ ... ငါဘုရားသာသနာတော်နဲ့ တွေ့ကြုံရတဲ့အခိုက်အတန့် ဝိပဿနာတရားတွေအားထုတ်လို့ သောတာပန်ဖြစ်သွားတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကျန်ရှိနေသေးတဲ့ သံသရာဝဋ္ဋဒုက္ခတွေဟာ ငါဘုရားလက်သည်းပေါ်မှာတင်ထားတဲ့ မြေမှုန့်လောက်ပဲကျန်တော့တယ်။ ကုန်သွားပြီးတဲ့ ဝဋ္ဋဒုက္ခတွေ ဟာ မဟာပထဝီမြေကြီးမှာရှိတဲ့ မြေမှုန့်တွေလောက် များပြား တယ်"လို့ မိန့်ကြားတာ ခန်းခြောက်သွားတာ မထင်ရှားပါဘူး လား ... ထင်ရှားပါတယ်ဘုရား။

**ဆောင်ပုဒ်။ ။ သောတာပန္န၊ ဝဋ္ဋဒုက္ခ၊ လက်သည်းတင်ပြ၊ မြေမှုန့်မျှတည်း။**

**ကုန်ပြီးခဲ့ရာ၊ ဝဋ္ဋဒုက္ခာ၊ မဟာမြေကြီးအမျှတည်း။**

သမုဒ္ဒရာရေယဉ်တွေ ခန်းခြောက်သွားပြီ။ (၇)ဘဝပဲ ကျန်တော့တယ်။ ဒီအကျိုးကိုလည်း ရရှိတယ်။ သောတာပတ္တိ မဂ်ဉာဏ်ရတနာက၊ ပညာကနေ ရရှိစေတဲ့အကျိုးပဲ။

**ဆောင်ပုဒ်။ ။ အပါယ်တံခါး၊ လုံးစုံများ၊ ပိတ်သွားပြီးစေသည်။**

www.dhammadownload.com



ငရဲအပါယ်တံခါးလည်း ပိတ်သွားပြီ။ တိရစ္ဆာန်တည်းဟူသော အပါယ်တံခါးလဲ ... ပိတ်သွားပါပြီဘုရား။ ပြိတ္တာတည်းဟူသော အပါယ်တံခါးလဲ ... ပိတ်သွားပါပြီဘုရား။ အသုရကာယ်တည်းဟူသော အပါယ်တံခါးလဲ ... ပိတ်သွားပါပြီဘုရား။ အလုံးစုံပိတ်သွားပြီတဲ့။ ကြည်ညိုစရာမကောင်းပါဘူးလား ... ကြည်ညိုစရာကောင်းပါတယ်ဘုရား။ နှစ်သက်စရာကောင်းတာ ဘယ်ပညာပါလဲ။ မဂ်ပညာ၊ သောတာပတ္တိမဂ်ပညာပဲ။

**ဆောင်ပုဒ်။ ။ အရိယာဥစ္စာ၊ ခုနစ်ဖြာ၊ မှန်စွာရစေသည်။**

အရိယာပုဂ္ဂိုလ်တွေရတဲ့ သူတော်ကောင်းဥစ္စာ ခုနစ်ဖြာ။ သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာလို့ အရိယာဥစ္စာ ခုနစ်ဖြာလည်း ရလိုက်ပြီ။ ဘယ်တော့မှ မပျက်နိုင်တော့ဘူး။ သောတာပတ္တိမဂ်ဉာဏ်၊ သောတာပတ္တိမဂ်ပညာ နှစ်သက်စရာမကောင်းပါဘူးလား ... နှစ်သက်စရာကောင်းပါတယ်ဘုရား။

**ဆောင်ပုဒ်။ ။ မိစ္ဆာမဂ္ဂင်၊ ရှစ်ခုလျှင်၊ အစဥ်ပယ်ပစ်သည်။**

အပါယ်ကျစေနိုင်တဲ့ မိစ္ဆာမဂ္ဂင် ရှစ်ပါးလုံးရဲ့ အစွမ်းသတ္တိကို ပယ်လိုက်တယ်။ အကြွင်းမဲ့တော့ ပယ်တာမဟုတ်ဘူးတဲ့။ အပါယ်ကျစေနိုင်တဲ့ စွမ်းအင်တွေကိုတော့ အကုန်မပယ်လိုက်ပါဘူးလား ... ပယ်လိုက်ပါတယ်ဘုရား။

www.dhammadownload.com



## ဆောင်ပုဒ်။ ။ လုံးစုံဘေးဒဏ်၊ မဖြစ်ရန်၊ အမှန်ငြိမ်းစေသည်။

သောတာပတ္တိမဂ်ဉာဏ်ကို ရလိုက်တာနဲ့တစ်ပြိုင်နက်တည်း ငါးပါးသီလကိုတော့ အသက်နဲ့လဲပြီးတော့ လုံခြုံသွားတယ်။ ငါးပါးသီလကြောင့်ဖြစ်တဲ့ ဘေးရန်တွေ ဒီဘဝမှာလည်း မဖြစ်တော့ဘူး။ နောင်သံသရာဘဝတွေမှာလည်း မဖြစ်တော့ဘူး။ အကုန်လုံးငြိမ်းစေလိုက်ပြီ။ ငါးပါးသီလမလုံသေးဘူးဆိုရင်တော့ ဘေးတွေ၊ ရန်တွေ၊ အန္တရာယ်တွေက မကင်းသေးဘူး။ တရားနာပရိသတ်များ ယုံမှယုံပါရဲ့လား ... ယုံပါတယ်ဘုရား။

ငါးပါးသီလမလုံသေးရင်တော့ ဘေးရန်က ဒီဘဝလည်း မကင်းသေးဘူး။ နောင်ဘဝလည်း မကင်းသေးဘူး။ သောတာပတ္တိမဂ်ကို ရောက်သွားတာနဲ့တစ်ပြိုင်နက်တည်း ငါးပါးသီလကို အပြီးတိုင် လုံခြုံသွားပြီ။ ဘယ်တော့မှ မလွန်ကျူးနိုင်တော့ဘူး။ အသက်ဟူသောအကြောင်းကြောင့်လည်း မလွန်ကျူးနိုင်တော့ ဘေးရန်အန္တရာယ်တွေအားလုံး မငြိမ်းသွားပါဘူးလား ... ငြိမ်းသွားပါတယ်ဘုရား။

www.dhammadownload.com



**ဆောင်ပုဒ်။ ။ ဗုဒ္ဓရင်နှစ်၊ သားသမီးစစ်၊ အဖြစ်ရစေသည်။**

သောတာပတ္တိမဂ်ဉာဏ်ကို ရရှိလိုက်တာနဲ့တစ်ပြိုင်နက်တည်း မြတ်စွာဘုရားရဲ့ သားတော်အစစ်၊ သမီးတော်အစစ်ဖြစ်သွားပြီ။ နှစ်သက်စရာမကောင်းပါဘူးလား ... နှစ်သက်စရာကောင်းပါတယ်ဘုရား။ အချို့အချို့သောပုဂ္ဂိုလ်တွေ အကြောင်းတစ်ခုခုဖြစ်လာရင် "တပည့်တော်က မြတ်စွာဘုရားရဲ့ သမီးတော်အစစ်ပါဘုရား"တဲ့။ သူ့ကိုယုံကြည်အောင် အဲဒီလိုထည့်ပြီးတော့ပြောရတယ်။ အားမကိုးရပါဘူးလား ... အားကိုးရပါတယ်ဘုရား။

ဘယ်တော့မှ မလိမ်ပါဘူးဆိုတဲ့၊ ဘယ်တော့မှ မတရားမလုပ်ပါဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ မြတ်စွာဘုရားရဲ့ သမီးတော်အစစ်ပါဘုရားတဲ့။ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ အဲ-နေရာကျလိုက်တာ။ နှစ်သက်စရာတွေ။ သောတာပတ္တိမဂ်ဉာဏ်ကို ရရှိလိုက်တာနဲ့တစ်ပြိုင်နက်တည်း နှစ်သက်စရာအကျိုး(၇)မျိုးကို ရရှိနိုင်တော့ မဂ်ဉာဏ်သည်သာလျှင် ရတနာအစစ်ပဲ။

လူတွေမှာ နှစ်သက်စရာအကောင်းဆုံးရတနာဆိုတာပညာပဲလို့ မြတ်စွာဘုရား ဟောကြားတာ ဋီကာဆရာတွေက မဂ်ဉာဏ်ပဲ၊ မဂ်ပညာပဲလို့ အဆုံးအဖြတ်ပေးပါတယ်။

www.dhammadownload.com



**ဆောင်ပုဒ်။ ။ လူ့လောကမှာ၊ နှစ်သက်ရာ၊
ဖြစ်တာပညာတည်း။**

လူ့လောကမှာ နှစ်သက်စရာ ရတနာအမျိုးမျိုးထဲက ပညာသည်သာ နှစ်သက်စရာအကောင်းဆုံးပဲ။ အဲဒီပညာတွေထဲမှာ မဂ်ပညာသည်သာ နှစ်သက်စရာဖြစ်တယ်။ တကယ့်နှစ်သက်စရာအစစ်က ဘာပညာ ... မဂ်ပညာပါဘုရား။ အကျိုးဘယ်နှမျိုးရ ... (၇)မျိုးရပါတယ်ဘုရား။ တရားနာပရိသတ်များ ကောင်းကောင်းသဘောကျနေပါပြီ။ ရှေ့သွားကြပါဦးစို့။

## (၄) မခိုးနိုင်သည့်ဥစ္စာမှာ ကောင်းမှုသာ

**ပုညံ စောရေဟိ ဒူဟရံ။**

**စောရေဟိ** = ခိုးသူတို့သည်၊ **ဒူဟရံ** = ခိုးယူနိုင်ခဲသော ပစ္စည်းဥစ္စာသည်၊ **ပုညံ** = မိမိတို့ပြုထားအပ်တဲ့ ကောင်းမှုပင်တည်း။ **ဣတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com



ဆောင်ပုဒ်။ ။ မခိုးနိုင်ရာ၊ မြတ်ဥစ္စာ၊
ဖြစ်တာဘယ်ပါနည်း။

မခိုးနိုင်ရာ၊ မြတ်ဥစ္စာ၊
ဖြစ်တာကောင်းမှုတည်း။

ကောင်းမှုကုသိုလ်တွေက -

**အတ္တနော သန္တာနံ ပုနာတိ သောဓေတီတိ ပုညံ။**

မိမိသန္တာန်ကို ဖြူစင်စေတတ်တဲ့အတွက်ကြောင့် ကောင်းမှုကုသိုလ်တဲ့။ ဘာလို့ခေါ် ... ကောင်းမှုကုသိုလ်လို့ခေါ်ပါတယ်ဘုရား။

**ပုည** = ကောင်းမှုဆိုတာ မိမိကိုယ်ကို ဖြူစင်စေတတ်တဲ့အတွက်ကြောင့် ကောင်းမှုလို့ခေါ်တာ။ ကောင်းမှု၊ ကောင်းမှုနဲ့ခေါ်တာ သူ့ရဲ့အဓိပ္ပာယ်ပြောပြစမ်းပါဦးဆိုရင် မိမိကိုယ်ကို ဖြူစင်စေတတ်သောကြောင့် ကောင်းမှုလို့ခေါ်ပါတယ်။

အဲဒီကုသိုလ်ကောင်းမှုတွေကိုတော့ ဘယ်ပုဂ္ဂိုလ်မှလည်း မခိုးယူနိုင်တော့ပါဘူး။ အကောင်းဆုံးဥစ္စာဆိုတဲ့အဓိပ္ပာယ် မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ လောကမှာရှိတဲ့ ရတနာအမျိုးမျိုး၊ ပစ္စည်းဥစ္စာအမျိုးမျိုးတွေဟာ ရေကြောင့်၊

www.dhammadownload.com



မီးကြောင့်၊ မင်းကြောင့်၊ ခိုးသူဓားပြတွေကြောင့်၊ အမွေခံဆိုးတွေကြောင့် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားနိုင်တယ်။ ခိုးသူဓားပြတို့ လုယက်လို့ပျက်စီးနိုင်တဲ့ ပစ္စည်းဥစ္စာတွေဖြစ်တယ်။

မိမိပြုထားတဲ့ ကောင်းမှုကုသိုလ်ကတော့ မခိုးယူနိုင်တော့ဘူး။ ခိုးယူနိုင်ပါသေးလား ... မခိုးယူနိုင်ပါဘုရား။ ဘာကြောင့်လဲဆိုတော့ အဋ္ဌကထာဆရာက -

**သာ အရူပတ္တာ။**

**သာ** = ထိုကောင်းမှုစေတနာသည်၊ ကောင်းမှုသည်၊ **အရူပတ္တာ** = ရုပ်တရားမဟုတ်တဲ့အတွက်ကြောင့်၊ **ပရိဟရိတုံ** = ဆောင်ယူခြင်းငှာ၊ န **သက္ကောတိ** = မစွမ်းနိုင်။ **ဣတိ** = ဤသို့၊ **အဋ္ဌကထာစရိယော** = အဋ္ဌကထာဆရာသည်၊ **သံဝဏ္ဏေတိ** = ကောင်းစွာမသေ့ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ကောင်းမှုကုသိုလ်စေတနာ၊ ကောင်းမှုကုသိုလ်တွေဆိုတာ ရုပ်တရားမဟုတ်တော့ဘူးတဲ့။ ဘာတရားတွေဖြစ်သွား ... နာမ်တရားဖြစ်သွားပါပြီဘုရား။ နာမ်တရားဆိုတာ ပကတိသော မျက်စိနဲ့လည်း မမြင်ကောင်းဘူး။ ကိုင်တွယ်သုံးသပ်လို့လည်း မရကောင်းဘူး။ ကိုင်တွယ်သုံးသပ်လို့ မရကောင်းတာကြီးကို

www.dhammadownload.com



လာခိုးလို့ ... မရပါဘုရား။ အို-အဋ္ဌကထာဆရာတွေ အကြောင်းပြတာ သိပ်မှန်တာပဲ။

မမြင်ရလို့၊ ကိုင်တွယ်သုံးသပ်လို့ မရကောင်းလို့ မရှိဘူးလို့လည်းပြောလို့... မရပါဘုရား။ မိမိစိတ်၊ မိမိသန္တာန်မှာရှိနေတာ ကိုယ်တိုင်သိရသလို မိမိပြုထားတဲ့ ကုသိုလ်ကံတွေဟာလည်း မိမိသန္တာန်မှာ အဲသလိုပဲ ရှိနေတာပါပဲတဲ့။ ရှိပင်ရှိငြားသော်လည်း မမြင်ရဘူး။ ကိုင်တွယ်သုံးသပ်လို့လည်း မရဘူး။ ခိုးယူလို့လည်း မရတော့ဘူး။ အကောင်းဆုံးဥစ္စာ မဖြစ်သွားပါဘူးလား ... အကောင်းဆုံးဥစ္စာ ဖြစ်သွားပါတယ်ဘုရား။

ဘယ်အထိအောင်ပါသွားမှာလဲ ... နိဗ္ဗာန်ရောက်သည့် ဘဝအထိအောင် ပါသွားမှာပါဘုရား။ နိဗ္ဗာန်ရောက်သည့်ဘဝ အထိအောင် ပါသွားမှာပါပဲတဲ့။ ဒါနကုသိုလ်ကောင်းမှုတွေပြုထားသဖြင့် နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုး(၅)မျိုး လိုက်ပါပြီးတော့ ရရှိသွားနိုင်တယ်ဆိုတဲ့သာဓက တရားနာပရိသတ်များ မကြာခဏ နာကြားဖူးနေပါတယ်။

တစ်ချိန်သောအခါ ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက ရဟန်း၂-ပါး အတူနေကြတယ်။ သီလချင်းလည်း တူကြတယ်။ သဒ္ဓါတရားချင်းလည်း တူကြတယ်။ ပညာတရား

www.dhammadownload.com



ချင်းလည်း တူကြတယ်။ တစ်ပါးက ဒါနပြုတယ်။ တစ်ပါးက ဒါနမပြုဘူး။ တစ်ပါးနဲ့တစ်ပါး အချေအတင်ပြောလို့ ဘယ်လိုမှ သဘောမကျဘူး။ တစ်ပါးက "ရဟန်းဆိုတာ ဒါနပြုဖို့မလိုပါဘူး"။ ကျန်တဲ့တစ်ပါးက "ရဟန်းဖြစ်သော်လည်း ဒါနကတော့ပြုရမယ်" ဆိုပြီး တစ်ပါးနဲ့တစ်ပါး အချေအတင်ပြောလို့ ဘယ်အခါမှ မပြေလည်ခဲ့ဘူး။

အဲဒါနဲ့ ဘဝကုန်ရော။ ဘဝကုန်သွားတော့ နတ်ပြည်သို့ ရောက်သွားကြပါတယ်။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာတဲ့အခါကျတော့ ကောသလမင်းကြီးရဲ့နန်းတော်မှာ လူလာဖြစ်ကြတယ်။ ဒါနပြုထားတဲ့ရဟန်းတော်လေးက မင်းကြီးရဲ့သား၊ မိဖုရားခေါင်ကြီးရဲ့ သားတော်လေးလာဖြစ်တယ်။ သလွန်ပေါ်မှာ၊ ထီးဖြူအောက်မှာ ချမ်းချမ်းသာသာနေရတယ်။ ဒါနမပြုထားတဲ့ရဟန်းတော်ကတော့ အခိုင်းအစေကျွန်မရဲ့သားလေး သွားဖြစ်တယ်။ ကြမ်းပြင်ပေါ်မှာ ကြမ်းတမ်းတဲ့အဝတ်အထည်တွေနဲ့ နေရတယ်။

တစ်နေ့သောအခါ လူကြီးတွေက နာမည်ပေးမင်္ဂလာပြုဖို့ရန် အပြင်မှာသွားစီစဉ်နေကြတယ်။ သူတို့နှစ်ယောက်ထဲ ကျန်ခဲ့တော့ ဘုန်းကံရှိတဲ့သူတွေဖြစ်သည့်အားလျော်စွာ မင်းကြီးရဲ့သားလေးက ကြည့်လိုက်တာ ဟိုမှာ ကျွန်မရဲ့သားဟာ ကြမ်းပြင်

www.dhammadownload.com



မှာ ကြမ်းတမ်းတဲ့အဝတ်အထည်တွေနဲ့ နေရတာမြင်တော့ အပြစ်တင်စကား ပြောကြားတယ်။

"သင်ရဟန်းဘဝတုန်းက ကျွန်ုပ်ပြောတဲ့စကားမှ နား မထောင်ခဲ့ပဲ။ ဒါနပြုပါ၊ ဒါနပြုပါလို့တိုက်တွန်းတာ သင်မပြုခဲ့လို့ ယခုလို ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်းနေနေရတယ်။ ကျွန်ုပ်ကိုကြည့်လိုက်စမ်း၊ ထီးဖြူအောက်မှာ ဘယ်လောက်သိမ် မွေ့တဲ့အဝတ်အထည်တွေနဲ့ နေရသလဲ"ဟု အပြစ်တင်စကား ပြောကြားတော့ ကျွန်မရဲ့သားကလည်း အညံ့မခံဘူးတဲ့။ ပြန်ချေ ပတယ်။ "သင်မာနတွေသိပ်တက်နေတာကိုး။ နူးညံ့တဲ့အဝတ် အထည်ဆိုတာလည်း ပထဝီဓာတ်ပါပဲ။ ကြမ်းတမ်းတဲ့အဝတ် အထည်ဆိုတာလည်း ပထဝီဓာတ်ပါပဲ။ ပထဝီဓာတ်ချင်းအတူတူ ဖြစ်လျက်သားနဲ့ သင်မာနတွေသိပ်တက်နေတာကိုး"တဲ့။ ပြန် မချေပပါဘူးလား ... ပြန်ချေပပါတယ်ဘုရား။

ရဟန်းဘဝကတည်းက အချေအတင်ပြောခဲ့တာ။ ဒီကလေးငယ်ဘဝရောက်တော့လည်း အချေအတင်ပြန်ပြော တယ်။ အဲဒီစကားတွေကို သုမနမင်းသမီးကကြားတော့ မြတ်စွာ ဘုရားထံသွားပြီးတော့ လျှောက်ထားတယ်။

www.dhammadownload.com



"မြတ်စွာဘုရား ... မြတ်စွာဘုရားရဲ့သာသနာတော်မှာ ပုဂ္ဂိုလ်နှစ်ဦးရှိပါတယ်။ သဒ္ဓါတရားချင်းလည်း တူကြပါတယ်။ သီလတရားချင်းလည်း တူကြပါတယ်။ ပညာတရားချင်းလည်း တူကြပါတယ်။ ဒါပေမဲ့လည်း တစ်ဦးသောပုဂ္ဂိုလ်က ဒါနကုသိုလ်ကောင်းမှုတွေပြုတယ်။ တစ်ဦးသောပုဂ္ဂိုလ်က ဒါနကုသိုလ်ကောင်းမှုတွေမပြုဘူး။ ထိုပုဂ္ဂိုလ်နှစ်ဦး အကျိုးပေးချင်း တူပါသလားဘုရား"။

"သုမနမင်းသမီး ... မတူကြဘူး။ ဒါနကုသိုလ်ကောင်းမှုပြုတဲ့သူက ဒါနကုသိုလ်ကောင်းမှုမပြုတဲ့ပုဂ္ဂိုလ်အပေါ်မှာ အကျိုးငါးမျိုး သာလွန်လွှမ်းမိုးနေတယ်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများခြင်း၊ အခြံအရံပရိသတ်ပေါများခြင်း၊ အစိုးရခြင်းဆိုတဲ့ ဒီအကျိုးငါးမျိုး သာလွန်လွှမ်းမိုးနေတယ်"လို့ မြတ်စွာဘုရားက မိန့်ကြားလိုက်တော့ သုမနမင်းသမီးက ဒီလိုဆိုလို့ရှိရင်ဘုရား ထိုပုဂ္ဂိုလ်နှစ်ဦး နတ်ပြည်ရောက်သွားကြတယ်ဆိုပါတော့ဘုရား၊ နတ်ပြည်ရောက်သွားတဲ့အခါ အကျိုးပေးချင်း တူသွားပါသလားဘုရား"။

"မတူကြဘူး။ နတ်၌ဖြစ်တဲ့ အသက်ရှည်ခြင်း၊ နတ်၌ဖြစ်တဲ့ အဆင်းလှခြင်း၊ နတ်၌ဖြစ်တဲ့ ချမ်းသာများခြင်း၊ နတ်၌ဖြစ်တဲ့ အခြံအရံပရိသတ်တွေပေါများခြင်း၊ နတ်၌ဖြစ်တဲ့ အစိုးရခြင်းဆိုတဲ့ ဒီအကျိုးငါးမျိုး သာလွန်လွှမ်းမိုးနေတယ်"။

www.dhammadownload.com



"ဒီလိုဆိုရင်ဘုရား လူ့ပြည်ပြန်ရောက်လာပြီဆိုပါတော့ ဘုရား၊ ထိုပုဂ္ဂိုလ်နှစ်ဦးဟာ အကျိုးပေးချင်း တူသွားပါသလား ဘုရား"။

"မတူကြဘူး။ လူ့ဥ်ဖြစ်သော အသက်ရှည်ခြင်း၊ လူ့ဥ်ဖြစ်သော အဆင်းလှခြင်း၊ လူ့ဥ်ဖြစ်သော ချမ်းသာများခြင်း၊ လူ့ဥ်ဖြစ်တဲ့ အခြံအရံပရိသတ်ပေါများခြင်း၊ လူ့ဥ်ဖြစ်တဲ့ အစိုးရခြင်းဆိုတဲ့ ဒီအကျိုးငါးမျိုးပဲ သာလွန်လွှမ်းမိုးနေတယ်"လို့ မြတ်စွာဘုရား မိန့်ကြားလိုက်တော့ သုမနမင်းသမီးက ထပ်ပြီးလျှောက်ထားပြန်တယ်။

"မြတ်စွာဘုရား ဒီလိုဆိုလို့ရှိရင် ထိုပုဂ္ဂိုလ်နှစ်ဦးတို့ လူ့ဘောင်လူ့လောကကထွက်ပြီးတော့ သာသနာ့ဘောင်ဝင်ကြပြီ ဆိုပါတော့ဘုရား၊ သာသနာ့ဘောင်ရောက်သွားတဲ့အခါကျတော့ အကျိုးပေးချင်း တူကြပါသလားဘုရား"လို့ လျှောက်ထားတော့ -

"မတူကြဘူး။ ဒါနကုသိုလ်ကောင်းမှုပြုထားတဲ့ ရဟန်းတော်က ဒါနကုသိုလ်ကောင်းမှုမပြုထားတဲ့ ရဟန်းတော်ကို အကျိုးငါးမျိုး သာလွန်လွှမ်းမိုးနေတယ်။ သင်္ကန်းပေါများခြင်း၊ ဆွမ်းပေါများခြင်း၊ ကျောင်းပေါများခြင်း၊ ဆေးပစ္စည်းပေါများခြင်းဆိုတဲ့ အကျိုးက လေးမျိုး၊ သီတင်းသုံးဖော်တို့ရဲ့ အကြည်ညိုကိုခံရခြင်း

www.dhammadownload.com



ဆိုတဲ့ အကျိုးက တစ်မျိုး။ ဘယ်နှမျိုးပါလဲ … ငါးမျိုးပါဘုရား။ အကျိုးငါးမျိုး သာလွန်လွှမ်းမိုးနေတယ်"လို့ မြတ်စွာဘုရားက မိန့်ကြားလိုက်တော့ သုမနမင်းသမီးက ဆက်လက်ပြီးတော့ လျှောက်ထားပြန်ပါတယ်။

"မြတ်စွာဘုရား ဒီလိုဆိုလို့ရှိရင် ထိုပုဂ္ဂိုလ်နှစ်ဦးဟာ ဝိပဿနာတရားအားထုတ်လို့ ရဟန္တာဖြစ်သွားကြပြီဆိုပါတော့ဘုရား၊ ရဟန္တာဖြစ်သွားတဲ့အခါမှာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားရတဲ့နေရာမှာ ထူးပါသလားဘုရား၊ တူပါသလားဘုရား"လို့ လျှောက်ထားတော့ "အရဟတ္တဖိုလ်ချမ်းသာကို ခံစားတဲ့နေရာမှာတော့ တူသွားကြပြီတဲ့။ တူသလား၊ ထူးသလား … တူပါတယ်ဘုရား။ တူသွားကြပြီ"လို့ မိန့်ကြားပါတယ်။ ရဟန္တာဖြစ်သည့်ဘဝတိုင်အောင် အကျိုးငါးမျိုး မသာလွန်၊ မလွှမ်းမိုးနေပါဘူးလား … သာလွန်လွှမ်းမိုးနေပါတယ်ဘုရား။ ခိုးသူဓားပြတွေ လုယူလို့ရပါသေးလား … မရပါဘုရား။ ဆောင်ပုဒ်ကလေးဆိုပြီးတော့ တရားအခံသတ်ရအောင်။

**ဆောင်ပုဒ်။ ။ သက်ရှည်ဆင်းလှ၊ ချမ်းသာရ၍၊ များလှခြံရံ၊ စိုးရပြန်၊ ငါးတန်ဒါနအကျိုးတည်း။**

www.dhammadownload.com



ရဟန္တာဖြစ်သည့်ဘဝတိုင်အောင် ခိုးသူဓားပြတို့ လုယူလို့ ရပါသေးလား … မရပါဘုရား။ အကျိုးငါးမျိုးလည်း ရရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

**ဆောင်ပုဒ်။ ။ မခိုးနိုင်ရာ၊ မြတ်ဥစ္စာ၊**
**ဖြစ်တာကောင်းမှုတည်း။**

အသင့်အတင့် ပြည့်စုံသွားပါပြီ။ ဤကဲ့သို့ ယနေ့ယခု အခါ၌ **"ဇရာသုတ္တန်ဒေသနာတော်လာ ကောင်းခြင်းတရား လေးပါး"** ကို နာကြားရသဖြင့် နာကြားရသည့်အတိုင်း လိုက်နာ ကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တို့ကို၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ဆရာတော်ဘုရားပေးတဲ့ဆုနှင့် ပြည့်စုံရပါလို၏အရှင်ဘုရား။

သာဓု … သာဓု … သာဓုပါဘုရား။

**သဒ္ဓမ္မရံသီရိပ်သာဆရာတော်**

www.dhammadownload.com